# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ယခင် ဗဟိုဈေးနေရာရှိ မြေကွက်လပ်၏ တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | သံဖြူဇရပ်မြို့နယ်ရှိ ရွှေဖြူရတနာအမည်ရ တပ်ပိုင်ဂေါက်ကွင်းကို နိုင်ငံပိုင် အများပြည်သူဂေါက်သီး အားကစားကွင်းအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာ ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | သွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းအတုများကို တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ဖြူးထားခြင်း၊ အတုမှန်းသိ၍ သုံးစွဲခြင်းမပြုလုပ်ရန် ရပ်ဆိုင်းထားရခြင်းတို့ဖြစ်ခဲ့ခြင်းကြောင့် အဆိုပါအတုသွင်းသူ၊ အတုမှန်းသိလျက်နှင့်လက်ခံပြီး ဖြန့်ဝေပေးသောသက်ဆိုင်သူတို့အား ဖော်ထုတ် အရေးယူဆောင်ရွက်ရန်နှင့် နောင်တွင် အလားတူကိစ္စများ လုံးဝထပ်မံမဖြစ်ပေါ်စေရန် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ဒလမြို့ရှိ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ရပ်ကွက်တည်ရှိရာနေရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ထမ်းများအတွက် အဆင့်မြင့်၊ အထပ်မြင့်ဝန်ထမ်းအိမ်ရာ စီမံကိန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | မိုင်းတုံမြို့နယ်(၂၅)ခုတင်ဆံ့ဆေးရုံသည် သတ်မှတ်ထားသော ခုတင်အသုံး | ၂၀ |

| | | |
|---|---|---|
| | ချမှု ၁၅၀ % ထက်ကျော်လွန် နေပြီဖြစ်ပါ၍ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ် အကောင်အထည် ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၄ |
| ၁၂ | ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း | ၂၉ |
| ၁၃ | ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၄၀ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၀ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၄၁ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၂၉-၅-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်၊ (၈) ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ယခင်ဗဟိုဈေးနေရာရှိ မြေကွက်လပ်၏ တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်ရှိ ရွှေဖြူ ရတနာအမည်ရ တပ်ပိုင်ဂေါက်ကွင်းကို နိုင်ငံပိုင် အများပြည်သူ ဂေါက်သီးအားကစားကွင်းအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဆလိုင်းရီယန်းဗဲလ်၊ ဖလမ်းမဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာ ကျန်းမာရေးဌာန (ခွဲ) အား ကျေးလက်ကျန်းမာရေး ဌာန (Rural Health Centre) အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **သွားဘက်ဆိုင်ရာဆေးနှင့် ဆေးပစ္စည်းအတုများကို တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ဖြူးထားခြင်း၊ အတုမှန်းသိ၍ သုံးစွဲခြင်းမပြုလုပ်ရန် ရပ်ဆိုင်း ထားရခြင်းတို့ ဖြစ်ခဲ့ခြင်းကြောင့် အဆိုပါ အတုသွင်းသူ၊ အတုမှန်း သိလျက်နှင့် လက်ခံပြီး ဖြန့်ဝေပေးသော သက်ဆိုင်သူတို့အား ဖော်ထုတ်အရေးယူဆောင်ရွက်ရန်နှင့် နောင်တွင် အလားတူကိစ္စများ လုံးဝထပ်မံမဖြစ်ပေါ်စေရန် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့ရှိ ကျန်းမာရေး ဝန်ထမ်းအိမ်ရာ ရပ်ကွက်တည်ရှိရာနေရာတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ထမ်းများ အတွက် အဆင့်မြင့်၊ အထပ်မြင့် ဝန်ထမ်းအိမ်ရာ စီမံကိန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းတုံမြို့နယ် (၂၅) ခုတင်ဆံ့ ဆေးရုံသည် သတ်မှတ်ထားသော ခုတင်အသုံးချမှု ၁၅၀% ထက် ကျော်လွန်နေပြီဖြစ်ပါ၍ ခုတင် (၅၀) ဆံ့ ဆေးရုံအဖြစ် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က **"မြန်မာ့သစ်သီးဝလံ စိုက်ပျိုး ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုး လုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက်**

**ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဥပဒေကြမ်းကော်မတီက **"မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**
**အဋ္ဌမနေ့မှတ်တမ်း**

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၂ ရက်၊
(၂) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၄ ရက်၊
(၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊
(၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၄ ရက်၊
(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၈ ရက်၊
(၆) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၄ ရက်၊
(၇) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊
(၈) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊
(၁၁) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၁၂) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊
(၁၃) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၁၄) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ခွင့် ၄ ရက်၊
(၁၅) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၄ ရက်၊
(၁၆) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၄ ရက်၊
(၁၇) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၄ ရက်၊
(၁၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၄ ရက်၊
(၁၉) ကျိုက်လက်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၂၀) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊
(၂၁) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်၊
(၂၂) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၄ ရက်၊
(၂၃) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဒွေး ခွင့် ၂ ရက်၊
(၂၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၅ ရက်၊
(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် ခွင့် ၄ ရက်၊
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၄ ရက်၊
(၂၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၂၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၃၀) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊
(၃၁) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၄ ရက်၊
(၃၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊
(၃၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၃၄) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၃၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၂ ရက်နှင့်
(၃၆) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ယခင် ဗဟိုဈေးနေရာရှိ မြေကွက်လပ်၏ တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသောဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်ဟာ အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မြို့နယ်အဖြစ်လည်းကောင်း၊ အရှေ့ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ၏ ခရိုင်အုပ်ချုပ်ရေးမှူးရုံးစိုက်ရာမြို့နယ်အဖြစ်လည်းကောင်း တည်ရှိပြီး တိုင်းဒေသကြီးအားကစားကွင်းတည်ရှိရာ မြို့နယ်လည်းဖြစ်ပါတယ်။ ထိုသို့တည်ရှိနေသော်လည်း တောင်ဥက္ကလာပမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာခန်းမ မရှိဘဲဖြစ်နေသည့်အတွက် မြို့နယ်ဆိုင်ရာအခမ်းအနားများ ကျင်းပသောအခါများတွင်လည်းကောင်း၊ ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မြို့နယ်နှင့်သက်ဆိုင်သော အစည်းအဝေးများပြုလုပ်ရာတွင်လည်းကောင်း များစွာအခက်အခဲဖြစ်နေရပါတယ်ခင်ဗျား။ ထိုသို့သောအခြေအနေများကြောင့် တောင်ဥက္ကလာပမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ မြို့နယ်ခန်းမ တည်ဆောက်နိုင်ရေးအတွက်ကို မြို့နယ်အတွင်းရှိပြည်သူများမှ များစွာမျှော်လင့်လျက်ရှိနေပါတယ်။ ထိုသို့တည်ဆောက်နိုင်ရေးအတွက် မြေနေရာရရှိရန်လည်း လိုအပ်လျက်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သော ၂၅ နှစ်ခန့်ကတော့ ဗဟိုဈေးလို့တည်ရှိခဲ့ပြီး ယခုလက်ရှိ ဘာမှအသုံးပြုခြင်းမရှိတဲ့ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈) ရပ်ကွက် သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြေကွက်အလွတ်ကို မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရေးအတွက် မြို့နယ်အတွင်းရှိပြည်သူများမှ အလွန်မျှော်လင့်လျက်ရှိနေပါတယ်။ ၎င်းမြေကွက်အလွတ်၏တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးပါရန် မြို့နယ်အတွင်းရှိ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်၏ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ယခင်ဗဟိုဈေးနေရာရှိ မြေကွက်လပ်၏ တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါမြေနေရာသည် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၃/၈၈)၊ သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ယခင်ဗဟိုဈေးမြေနေရာရှိ မြေဧရိယာ ၅.၂၄၅ ဧကဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ မှတ်တမ်းအရ ကာကွယ်ရေးဝန်ကြီးဌာနပိုင် အမည်ပေါက်မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးခွန်းပါ မြေနေရာသည် ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေအဖြစ် အမည်ပေါက်ရရှိထားပြီးဖြစ်ခြင်း၊ တပ်မတော်အတွက် အနာဂတ်စီမံချက်များ ဆောင်ရွက်ရန် လျာထားမြေနေရာဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြုပါခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ပုံမှာမြင်တွေ့ရတဲ့အတိုင်း အဲဒီမြေကွက်က လွန်ခဲ့တဲ့ ၂၅ နှစ်ခန့်က ဗဟိုဈေးအဖြစ် တည်ရှိခဲ့တာဖြစ်ပါတယ်။ ငါးဧက၊ ခြောက်ဧကလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်ခင်ဗျား။ အထဲမှာ ဘာလုပ်ငန်း၊ ဘာအဆောက်အဦမှ မရှိဘဲ ခြုံနွယ်တွေနဲ့ရှိနေတာဟာ ၂၅ နှစ်ခန့် ကြာမြင့်နေပြီဖြစ်ပါတယ်ခင်ဗျား။ မြို့နယ်ခန်းမမရှိတဲ့အတွက် အနာဂတ်တောင်ဥက္ကလာပမြို့နယ်ဟာ အင်္ဂါမစုံတဲ့မြို့နယ်လို ဖြစ်နေရပါတယ်။ မြို့နယ်အတွင်းမှာ သင့်တော်တဲ့ အခြားမြေကွက်အလွတ်တွေလည်း မရှိဘဲဖြစ်နေရပါတယ်ခင်ဗျား။ ဒါကြောင့် မို့လို့ အခုတင်ပြထားတဲ့ မြေကွက်အလွတ်ထဲကမှ တစ်ဧကခွဲလောက်ကိုတော့ မြို့နယ်အတွက် လှူဒါန်းတာပဲဖြစ်ဖြစ်၊ စွန့်လွှတ်တာပဲဖြစ်ဖြစ် ဆောင်ရွက်ပေးပါလို့ တင်ပြအပ်ပါတယ်။ ဝန်ကြီးတို့အနေဖြင့်လည်း အလေးအနက်ပြန်လည်စဉ်းစားပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ဆက်စပ်မေးခွန်းဆိုတဲ့ဟာကို သေချာနားလည်ဖို့လိုပါမယ်။ ဆက်စပ်မေးခွန်းဆိုတာ မူလကမေးတဲ့မေးခွန်းအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားတဲ့အခါ ဖြေကြားချက်အပေါ်မူတည်ပြီး ရှင်းလင်းမှုမရှိလျှင် ဒါမှမဟုတ်လျှင် ဝေဝါးဒွိဟဖြစ်နေရင် ဒါမှမဟုတ်ရင် ကွဲလွဲနေမယ်ဆိုလို့ရှိရင် ဆက်စပ်ပြီးမေးလို့ရပါတယ်။ အခုလွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မေးမြန်းတဲ့ဆက်စပ်မေးခွန်းဟာ မူလကမေးမြန်းပြီးသားမေးခွန်းကို ထပ်မံပြီးမေးမြန်းတာဖြစ်ပါတယ်။ နောင်ကျရင် သတိပြုဂရုစိုက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ မူလကတည်းက အချိန်သုံးမိနစ်ပဲပေးထားပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အခွင့်အရေးမဆုံးရှုံးရလေအောင်ဆိုပြီးမှ နှစ်မိနစ်ထပ်ပြီး ဆောင်းထားပေးပါတယ်။ အဲဒီအချိန်မှာ အပြည့်အစုံမေးမြန်းဖို့ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။ မဖြေကြားဘူးဆိုလို့ရှိရင် ဖြေကြားဖို့လည်း မလိုပါဘူး။

**သံဖြူဇရပ်မြို့နယ်ရှိ ရွှေဖြူရတနာအမည်ရ တပ်ပိုင်ဂေါက်ကွင်းကို နိုင်ငံပိုင်အများပြည်သူဂေါက်သီးအားကစားကွင်းအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခု မေးမြန်းလိုတဲ့မေးခွန်းကတော့ သံဖြူဇရပ်မြို့နယ်မှာရှိတဲ့ ရွှေဖြူရတနာအမည်ရ တပ်ပိုင်ဂေါက်ကွင်းကို အများပိုင် ပြည်သူလူထုဂေါက်သီးအားကစားကွင်းအဖြစ် စွန့်လွှတ်ပေးပါရန်အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရွှေဖြူရတနာဂေါက်ကွင်းသည် ၁၉၈၁ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ပြီးတော့မှ ခ.လ.ရ(၃၁) တပ်ရင်းမြေနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်ပါတယ်။ ကျင်းကိုးကျင်းပါရှိပြီးတော့ အရပ်ဘက်၊ စစ်ဘက်နဲ့ မြို့မိမြို့ဖတို့ ချစ်ခင်ရင်းနှီးစွာကစားလေ့ရှိသော ကွင်းလည်းဖြစ်ပါတယ်။ မြေဧရိယာ ၉၅.၂၅ ဧကရှိပါတယ်။ ၁၉၉၂ ခုနှစ်မှာ ဗိုလ်ချုပ်သီဟသူရ စစ်မောင် ဗျူဟာမှူးတာဝန်ထမ်းဆောင်တဲ့အချိန်မှာ အားကစားသမား ၆၀ ကျော်ခန့်ရှိပြီးတော့ ရန်ပုံငွေလည်း သိန်း ၆၀ လောက်ရှာထားပေးနိုင်ပါတယ်။ ဝန်ထမ်းညစောင့်တစ်ဦး၊ ကွင်းပြင်လေးဦးရှိပြီး တစ်လ ၂၈၀၀၀၀ ထောက်ပံ့ပေးရပါတယ်။ ခ.လ.ရ(၃၁)ပိုင်မြေအတွင်းမှာဖြစ်ပြီးတော့မှ (၁၁)ရပ်ကွက်အတွင်းရှိတာမို့လည်း သွားလာရလွယ်ကူပါတယ်။ ရွှေဖြူရတနာဆိုတဲ့အမည်ကိုတော့ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပေးခဲ့တာဖြစ်ပါတယ်။ သက်တမ်း ၃၆ နှစ်ကျော်ရှိနေပါပြီ။ ခ.လ.ရ(၃၁)ကို ရေးမြို့နယ် သြဇာရွာသို့ပြောင်းရွှေ့ခဲ့သည့် ၂၀၀၅ ခုနှစ်ကစပြီးတော့မှ ပြုပြင်ထိန်းသိမ်းမှုအားနည်းသွားတဲ့အတွက် ဂေါက်ကလပ်အဆောက်အဦနှစ်ခုနှင့် အလုပ်သမားအိမ်များ ပျက်စီးယိုယွင်းကုန်ပါတယ်။ ခြံစည်းရိုးမကာရံနိုင်လို့လည်း ကျွဲ၊ နွားများဝင်ရောက်ပြီးတော့ ကျင်းဆိပ်မျက်ခင်းတွေပျက်စီးလာရပါတယ်။ ကာဖို့အတွက်လည်းပဲ ရန်ပုံငွေ သိန်း ၆၀ ကရတဲ့အတိုးငွေနဲ့ ဝါသနာရှင်အားကစားသမားများ

ထည့်ဝင်ငွေဖြင့် အလုပ်သမားလခပဲ ပေးနိုင်ကြပါတော့တယ်။ ဌာနဆိုင်ရာအရာရှိများ၊ မြို့သား ဂေါက်သီးဝါသနာရှင်များက ရန်ပုံငွေရှာလိုသော်လည်း တပ်မြေဖြစ်လို့ ရှာလို့မရကြပါဘူး။ ဒါကြောင့် အများပြည်သူပိုင် ဂေါက်သီးအားကစားကွင်းဖြစ်ခဲ့ရင်တော့ န.ယ.ဖ ခေတ်အခါက ထိပ်တန်းအားကစား ကွင်းဖြစ်ခဲ့တဲ့ ရွှေဖြူရတနာကွင်းကို ယခင်လို ပြန်စည်ကားဖွံ့ဖြိုးဖို့ ဆောင်ရွက်လွယ်ကူလာမယ်လို့ ကျွန်တော့်ကို တင်ပြကြပါတယ်။ အမှန်ပြောရရင်တော့ ကျွန်တော်လည်း ဂေါက်သမားမဟုတ်ပါဘူး။ ဒါပေမဲ့လို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(က)မှာ နိုင်ငံအတွင်းမှာရှိတဲ့ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နဲ့ လေထုအတွင်းရှိသယံဇာတများရဲ့ ပင်ရင်းပိုင်ရှင်က နိုင်ငံတော်ပဲ ဖြစ်ပါတယ်။ သို့သော်လည်း ပုဂ္ဂလိက၊ အသင်းအဖွဲ့၊ ဌာန စသည်ဖြင့် အသုံးပြုဖို့အတွက်ကို နိုင်ငံတော် က ပေးထားခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ တကယ်စဉ်းစားရမှာက ကျွန်တော်တို့ရဲ့ တိုင်းပြည်၊ ပြည်သူလူထုနဲ့ နိုင်ငံတော်အကျိုး ဘယ်လက်ထဲမှာရှိရင် ပိုကောင်းမလဲ။ ဒီလိုတွေးပြီးတော့ ဆောင်ရွက်သွားကြရင်ဖြင့် ပိုပြီးတော့အဆင်ပြေမယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီအကြောင်းတွေ ကြောင့် မဲဆန္ဒရှင်များရဲ့ကိုယ်စား ဒီရွှေဖြူရတနာဂေါက်ကွင်းကို အများပြည်သူပိုင်ဂေါက်ကွင်းအဖြစ် သို့ ပြောင်းလဲပေးဖို့ အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ သံဖြူဇရပ်မြို့နယ်ရှိ ရွှေဖြူရတနာ အမည်ရ တပ်ပိုင်ဂေါက်ကွင်းကို နိုင်ငံပိုင်အများပြည်သူဂေါက်သီးအားကစားကွင်းအဖြစ် စွန့်လွှတ်ပေး ပါရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ဂေါက်ကွင်းနေရာသည် အမှတ်(၃၁) ခြေလျင်တပ်ရင်း(တပ်ဟောင်း) မြေဧရိယာအတွင်းပါဝင်ပြီး ၁၉၈၁ ခုနှစ်၌ သံဖြူဇရပ် မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဝမ်းထိန်၊ အမှတ်(၃၁) ခြေလျင် တပ်ရင်း၊ တပ်ရင်းမှူးနှင့် ဒုတိယတပ်ရင်းမှူးတို့မှဦးစီး၍ ကျင်းကိုးကျင်းပါဂေါက်ကွင်းအား ဖောက်လုပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါဂေါက်ကွင်းအား ၂၀၁၅ ခုနှစ်တွင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုမှ ရွှေဖြူရတနာဂေါက်ကွင်းအဖြစ်အမည်ပေးခဲ့ပြီး ရန်ပုံငွေပိုင်ဆိုင်မှုအနေဖြင့် ငွေကျပ် ၆၉၆၄၆၀၀ ရှိကြောင်း၊ တစ်လဝင်ငွေကျပ် ၃၅၅၀၀၀ ရရှိပြီး ထွက်ငွေအနေဖြင့် လစဉ် အလုပ်သမားငါးဦးအတွက် လစာငွေကျပ် ၂၈၀၀၀၀ ပေးခြင်း၊ ကျန်ငွေများမှ အခြားလိုအပ်သည့် ဂေါက်ကွင်းပြုပြင်ခြင်းလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိကြောင်းနှင့် လက်ရှိဂေါက်ကွင်းဥက္ကဋ္ဌ တာဝန်အား ဦးလှရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ သံဖြူဇရပ်မြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အမှတ်(၃၁) ခြေလျင်တပ်ရင်း(တပ်ဟောင်း) တပ်ပိုင်မြေဧရိယာ ၂၁၆.၄၄ ဧကအနက်မှ မြေဧရိယာ ၀.၆၉၁၁ ဧကအား သာသနာ့ဝတ္တကမြေအဖြစ် ပြန်လည်စွန့်လွှတ်ပေးခဲ့သဖြင့် လက်ရှိ တပ်ပိုင်မြေဧရိယာ ၂၁၅.၇၄၈၉ ဧကသာ ကျန်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းပါ ဂေါက်ကွင်းမြေဧရိယာ ၉၅.၂၅ ဧကဟု ဖော်ပြထားရှိသော်လည်း မြေပြင်ကွင်းဆင်းစိစစ်ချက်အရ လက်ရှိရွှေဖြူရတနာဂေါက်ကွင်းအဖြစ် အသုံးပြုသည့်မြေဧရိယာမှာ ၇၉.၉၄ ဧကသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြေပြင်ကွင်းဆင်းစိစစ်ချက်များအရ ဂေါက်ကွင်းရန်ပုံငွေတိုးတက်ရရှိရေး အတွက် စီးပွားရေးလုပ်ငန်းများဖြစ်သော ဂေါက်ကွင်းလေ့ကျင့်ရေးကွင်းလုပ်ငန်း၊ ဂေါက်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် ဂေါက်ရိုက်သူများ တည်းခိုရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသဖြင့် တင်ပြတောင်းခံခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အမှတ်(၃၁) ခြေလျင်တပ်ရင်း(တပ်ဟောင်း)၏ တပ်ပိုင်မြေဧရိယာ ၂၁၆.၄၄ ဧကအနက်မှ သာသနာ့ဝတ္တကမြေ ၀.၆၉၁၁ ဧကအား ပြန်လည်စွန့်လွှတ်ပေးထားပြီးဖြစ်ခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင်လည်း ဂေါက်ကွင်းအဖြစ် တည်ရှိခြင်းမရှိဘဲ တပ်ပိုင်မြေအဖြစ် သာတည်ရှိခြင်း၊ တပ်ပိုင်အဆောက်အဦများနှင့် နီးကပ်လျက်ရှိခြင်း၊ ဂေါက်ကွင်းအတွင်း စားသောက်ဆိုင်လုပ်ငန်းများနှင့် ဂေါက်ရိုက်သူများ တည်းခိုရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လာပါက တပ်ပိုင်မြေနှင့် တစ်ဝန်းတည်းတွင် တည်ရှိသောကြောင့် လုံခြုံရေးအရ မလိုလားအပ်သော ပြဿနာများဖြစ်ပွားလာနိုင်ခြင်းနှင့် လုံခြုံရေးအရ အရေးကြီးသည့်မြေနေရာဖြစ်ခြင်းတို့ကြောင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာ ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဗားလုံကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့အကြောင်းအရင်းကတော့ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ဒေသမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာလွှမ်းခြုံနိုင်စေရန်အတွက်မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာဟာ အိမ်ခြေ ၁၆၀ ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး လက်ရှိကျန်းမာရေးဌာနခွဲတည်ရှိရာ ပြည်စံရွာဟာ အိမ်ခြေ ၂၅ အိမ်သာရှိတဲ့ ရွာငယ်တစ်ရွာဖြစ်ပါတယ်။ ယခင်က ဖားလုံနဲ့ပြည်စံရွာဟာ သုံးမိုင်ကွာဝေးလျက်ရှိသော်လည်း ၂၀၁၅ ခုနှစ် သဘာဝဘေးကြောင့် ပြည်သူများ ပြည်စံရွာတွင် ဆက်လက်နေထိုင်ရန်မရတော့သဖြင့် ဖားလုံရွာအနီးသို့

ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ယခုအခါ ဖားလုံရွာနဲ့ပြည်စံရွာဟာ တစ်ဆက်တည်းဖြစ်နေပါသဖြင့် ကျွန်တော်ရေးတဲ့မေးခွန်းထဲမှာ ပြည်စံရွာအကြောင်းကို ထည့်သွင်းမဖော်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့နယ်တွင် ကျန်းမာရေးဌာနရှစ်ခုရှိပြီး ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ၃၆ ခုရှိပါတယ်။ ဖားလုံ၊ ပြည်စံကျေးလက်ကျန်းမာရေးဌာနခွဲသည် အရှေ့ဘက်စစ်ကိုင်းတိုင်း ကလေးမြို့မှ မိုင် ၄၀၊ အနောက်ဘက် ကော့ပန်ကျင်းကျန်းမာရေးဌာန(ခွဲ)မှ ၄၁ မိုင်၊ တောင်ဘက် လုံပန်းတိုက်နယ်ဆေးရုံမှ မိုင် ၂၀၊ ဖလမ်းပြည်သူ့ဆေးရုံမှ ၄၃ မိုင်၊ မြောက်ဘက် တီးတိန်မြို့နယ်မှ မိုင် ၄၀ ကွာဝေးလျက်ရှိပြီး ဖလမ်း-ကလေး ကားလမ်းမပေါ်တွင် တည်ရှိပါတယ်။ ၎င်းကို ကျန်းမာရေး ဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါက ရွာပေါင်း ၁၂ ရွာ၊ လူဦးရေ ၄၀၀၀ ကျော်တို့အား ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ပြီး အကျိုးပြုခံစားရမှာဖြစ်ပါတယ်။ ဖားလုံ၊ ပြည်စံရွာသည် အ.ထ.က ကျောင်း ရှိသောရွာဖြစ်ခြင်း၊ ပတ်ဝန်းကျင်အတွက် အချက်အချာကျသောရွာဖြစ်ခြင်း၊ ဆေးရုံမြေနေရာ အသင့်ရှိခြင်းနှင့် တခြားသောကျန်းမာရေးဌာနမှ အလှမ်းဝေးကွာခြင်းစသည်တို့ကြောင့် ဖားလုံ၊ ပြည်စံရှိ ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းပဲလ်ရဲ့ မေးခွန်းဖြစ်တဲ့ ဖားလုံကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်ပေးရန် အစီအစဉ်နဲ့ပတ်သက် ၍ ပထမဆုံးဖြေကြားချင်တာကတော့ ဖားလုံကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဆိုတာ မရှိပါဘူး။ ဖားလုံ ရွာပဲရှိပါတယ်။ ဒီရွာမှာ အကျဉ်းချုပ်ပြောမယ်ဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်ကို တိုးတဲ့ အခါမှာ ရွာတစ်ရွာကိုတိုက်ရိုက်တိုးလို့မရပါဘူး။ အရင်ဆုံး ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိရပါ တယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိပြီးမှ တိုးလို့ရပါတယ်။ အကယ်၍ ဒီမှာတိုးမယ်လို့ကြည့်လိုက် တဲ့အခါမှာလည်း ကျွန်တော်တို့က သူရဲ့လိုအပ်ချက်ခြောက်ချက်မှာ နှစ်ချက်ပဲပြည့်ပါတယ်။ လိုအပ်ချက်ခြောက်ချက် ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုဆိုလို့ရှိရင်။ သူ့ရဲ့ Location ကိုကြည့်တဲ့အခါမှာလည်း ကလေးနဲ့တီးတိန်အစွန်ကို ရောက်နေပါတယ်။ ခြောက်ချက်မှာ အဓိကတော့ ပျမ်းမျှလူဦးရေ ၃၀၀၀ ကနေ ၅၀၀၀ ရှိရမယ် ဖြစ်ပါတယ်။ ဒီ ဖားလုံကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှာ လူဦးရေက ၆၅၆ ယောက်ပဲရှိတာတွေ့ပါတယ်။ နောက် ဒီမှာ လူဦးရေနဲ့အိမ်ခြေများပြီး လူဦးရေ သိပ်သည်းမှုကလည်း အလွန်နည်းပါတယ်။ အိမ်ခြေ ၉၄ အိမ်ပဲရှိတာတွေ့ရပါတယ်။ နောက်တစ်ချက် က ကျွန်တော်တို့ တိုးသင့်/မတိုးသင့်ကို ပြည်နယ်ဦးစီးမှူးကို တိုက်ရိုက်မေးပါတယ်။ ပြည်နယ်ဦးစီးမှူး ကလည်း ဒီအချိန်မှာတိုးဖို့မလိုသေးပါဘူးလို့ အကြောင်းကြားတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒါကို

မတိုးခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်မဖြေခင် လွှတ်တော်ကိုယ်စားလှယ်ကြီး စာလာပေးပါတယ်။ ဒီမှာရေးထားတာက ဖလမ်းမြို့နယ်၊ ဗားလုံ(သီးဆင်)ကျေးလက်ကျန်းမာရေးဌာန(ခွဲ)လို့ ရေးပါတယ်။ မေးခွန်းမေးစဉ်အချိန်က သီးဆင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဆိုတာ မပါပါဘူး။ သီးဆင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို တိုးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်စဉ်းစားလို့ရပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ဒါကိုသုံးသပ်မလေ့လာရသေးတဲ့အတွက် တိုးလို့မရပါဘူး။ မေးခွန်းအနေနဲ့ကတော့ ဗားလုံကို ပေးလို့မရပါဘူးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များ မေးခွန်းတင်တဲ့အချိန်မှာ ပြည့်ပြည့်စုံစုံတင်ပြဖို့ လိုပါတယ်။

**သွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းအတုများကို တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ဖြူးထားခြင်း၊ အတုမှန်းသိ၍ သုံးစွဲခြင်းမပြုလုပ်ရန် ရပ်ဆိုင်းထားရခြင်းတို့ဖြစ်ခဲ့ခြင်းကြောင့် အဆိုပါအတုသွင်းသူ၊ အတုမှန်းသိလျက်နှင့်လက်ခံပြီး ဖြန့်ဝေပေးသောသက်ဆိုင်သူတို့အား ဖော်ထုတ်အရေးယူဆောင်ရွက်ရန်နှင့် နောင်တွင် အလားတူကိစ္စများ လုံးဝထပ်မံမဖြစ်ပေါ်စေရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းလိုတဲ့မေးခွန်းကတော့ (၁)သွားဘက်ဆိုင်ရာဆေးနှင့် ဆေးပစ္စည်းအတုများကို တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ဖြူးထားခြင်း၊ အတုမှန်းသိ၍ သုံးစွဲရန်ရပ်ဆိုင်းထားရခြင်းတို့ဖြစ်ခဲ့ခြင်းကြောင့် အဆိုပါအတုတင်သွင်းသူ၊ အတုမှန်းသိလျက်နှင့် လက်ခံပြီး ဖြန့်ဝေပေးသော တာဝန်ရှိသူတို့အား ဖော်ထုတ်အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်းနံပါတ်(၂) နောင်တွင်အလားတူကိစ္စမျိုး လုံးဝထပ်မံမဖြစ်ပေါ်စေရန် မည်သို့စီစဉ်ဆောင်ရွက်ထားရှိပါသနည်းတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ကျိုးကြောင်းဖော်ပြချက်ကို တင်ပြလိုပါတယ်။ တာဝန်သိ သွားဆရာဝန်တစ်ဦးက ကျွန်မထံကိုရောက်လာပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း မြို့နယ်အသီးသီးမှာရှိတဲ့ဆေးရုံတွေမှာ ဖြန့်ဖြူးထားတဲ့ Medicaine ထုံဆေးနဲ့ အပ်တို့ဟာ အတုတွေဖြစ်နေကြောင်း လာရောက်တင်ပြပါတယ်။ အဆိုပါတင်ပြချက်အပေါ် ၂၃-၈-၂၀၁၇ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ အဆိုပါဆေးနှင့် အပ်တို့ဟာ ပစ္စည်းအစစ်အမှန်တွေဟုတ်/မဟုတ်စစ်ဆေးပေးရန်နှင့် အကယ်၍ အတုဖြစ်နေသည်ဆိုပါက ပတ်သက်သူအားလုံးကို ဖော်ထုတ်အရေးယူရန် အစီအစဉ်ရှိ/မရှိဟု ကြယ်ပွင့်မပြမေးခွန်းကို မေးမြန်းခဲ့ပါတယ်။ ကျွန်မအဲဒီမေးခွန်းကိုမေးပြီး တစ်ပတ်လောက်အကြာကနေပြီး မနေ့ကအထိ အဲဒီဆေးတွေဟာ အသုံးမပြုဘဲရပ်ဆိုင်းထားတယ်လို့ သိရှိရပါတယ်။ မေးခွန်းရဲ့ဖြေကြားချက်မှာတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝယ်ယူရေးကော်မတီမှ အဆိုပါအတုပို့သည့်ကုမ္ပဏီအား တည်ဆဲဥပဒေအရ တရားစွဲဆိုသင့်ပါကြောင်း မူပိုင်ခွင့်ရကုမ္ပဏီအနေဖြင့် ၎င်းတို့သဘောထားမပါဘဲ တင်ဒါယှဉ်ပြိုင်ခြင်းအတွက် တရားစွဲသင့်ကြောင်း ပါဝင်ပါတယ်။ ထိုဖြေကြားချက်ကိုသုံးသပ်မယ်ဆိုရင် ဘာမှအရေးယူဆောင်ရွက်ထားတာလည်းမရှိဘူး။ ဌာန

တွင်းမှာပဲပြောပြော၊ တရားစွဲတာပဲပြောပြော တစ်စုံတစ်ခုမှဆောင်ရွက်ထားတာမရှိတာကို အဖြေကို ကြည့်ချင်းအားဖြင့် သိရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းနဲ့ပတ်သက်တဲ့အထောက်အထားများကိုတင်ပြလို၍ Power Point အသုံးပြုခွင့်ပေးပါရှင်။ မေးခွန်းပါ Medicaine ထုံဆေးရဲ့ထုတ်ပိုးမှုတွေ အစစ်နဲ့အတုကွာခြားချက်ကို ဖော်ပြထားတာဖြစ်ပါတယ်။ ဆေးအတုနဲ့အစစ်မှာ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်တို့ရဲ့ ကွဲလွဲနေချက်များဖြစ်ပါတယ်။ ဆေးအညွှန်းကွဲလွဲချက်များဖြစ်ပါတယ်။ Medicaine ဆေးဝါးအတုနဲ့အစစ်ရဲ့ ကွဲပြားနေပုံဖြစ်ပါတယ်။ အပ်အစစ်နဲ့အတုရဲ့ ကွဲပြားချက်တို့ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ ပန်းတောင်းမြို့ မြို့မဈေးရှေ့မှာ ဆေးဝါးအတုသုံးစွဲမှုအန္တရာယ်များအကြောင်း ဖော်ပြထားတဲ့ FDA ရဲ့ကြော်ငြာဖြစ်ပါတယ်။ အဆိုပါကြော်ငြာမှာဆေးဝါးအတုဆိုးကျိုးများကို ပြည်သူတွေသိရှိအောင် ကြော်ငြာထားသော်လည်း ပြည်သူ့ဆေးရုံမှာ သွားဆရာဝန်တွေသုံးဖို့ဖြန့်ဝေထားတဲ့ ထုံဆေးနဲ့ အပ်အတု ဖြစ်နေတာကျတော့ တရားစွဲဆိုသင့်တယ်ဆိုတာဖြေကြားပြီး ဘာမှအရေးယူဆောင်ရွက်ခြင်းမရှိတာဖြစ်နေတဲ့အတွက် ကျွန်မ ပထမကြယ်ပွင့်မပြမေးခွန်းမေးပြီး ငါးလခန့်အကြာမှာ ယခုမေးခွန်းကို မေးခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ဆေးဝါးအတုကိစ္စဟာ လူ့အသက်တွေနဲ့သက်ဆိုင်ပါတယ်။ ဒီကိစ္စဟာ လွယ်လွယ်ပေါ့ပေါ့နဲ့ပစ်ထားလို့ရတဲ့ကိစ္စမျိုးမဟုတ်ပါဘူး။ အရေးတယူမဆောင်ရွက်ခြင်းဟာလည်း မဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ပြည်သူတွေက ပြည်သူ့ဆေးရုံတွေမှာ ကျွန်မတို့ပြည်သူတွေကျန်းမာရေးအတွက် သုံးပေးတဲ့ဆေးတွေအားလုံးကို ကျွန်မတို့က ကျန်းမာရေးအတွက်ကောင်းလိမ့်မယ်လို့ပဲ ယုံကြည်ပါတယ်။ အခုလိုမျိုးဆေးဝါးအတုတွေ သွားဆရာဝန်တွေသုံးဖို့ဖြန့်ပေးတဲ့ကိစ္စဟာ ကျွန်မတို့ပြည်သူတွေရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တာ ပြည်သူတွေရဲ့ယုံကြည်မှုကို စော်ကားတာပဲဖြစ်ပါတယ်။ အဲဒီတော့ အခုလိုမျိုး ဒီဆေးဝါးတွေကို မသုံးဘဲနဲ့ရပ်ထားလိုက်ရတဲ့အတွက်ကြောင့် ကျွန်မတို့နိုင်ငံတော်ရဲ့ဘဏ္ဍာတွေလည်း ဆုံးရှုံးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆေးရုံတွေမှာ ပြည်သူ့ကျန်းမာရေးဌာနကနေပြီးတော့ သုံးဖို့ဖြန့်ထားတဲ့ ဆေးတွေကို အတုတွေဖြန့်ပြီးတော့ သုံးဖို့ပေးထားခြင်းဟာ နိုင်ငံ့အတွက်ရော၊ ပြည်သူ့အတွက်ရော ဆိုးကျိုးတွေအများကြီးဆက်ဖြစ်စေနိုင်တာကြောင့် ကျွန်မအထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားချက်ကမှန်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးက ဒီမေးခွန်းကိုမေးတာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်နေ့ကမေးပါတယ်။ ဒီမေးခွန်းဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွေတင်မကဘူး။ တစ်ပြည်လုံးနဲ့လည်း သက်ဆိုင်ပြီး အရေးကြီးတဲ့အတွက် အချိန်ပိုနည်းနည်းပေးဖြေခွင့်ပြုပါ။ ကျွန်တော် ၁၁ မိနစ်ကျော်ကျော် ၁၂ မိနစ်ကြာမှာဖြစ်ပါတယ်။ ဖြစ်စဉ်အကုန်လုံးကို ကျွန်တော်

တင်ပြ ပါမယ်။ ပထမဆုံး ၂၀၁၆-၂၀၁၇ ခုနှစ် ဘတ်ဂျက်အတွက် ဆေးဝယ်ဖို့ ကျွန်တော်တို့စတင်တာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ကစခဲ့ပါတယ်။ စတဲ့အခါမှာ ပထမဆုံးဝယ်ယူရေးလုပ်ငန်းကော်မတီ Procurement Working Group ကို အောက်တိုဘာလ ၇ ရက်နေ့မှာ အစည်းအဝေးထိုင်တယ်။ ထိုင်ပြီးတော့ ဒီကော်မတီကိုဝယ်ဖို့ရွေးပါတယ်။ ဒီ Procurement ကော်မတီကတစ်ဆင့် ဘယ်ကိုတင်မှာလဲဆိုတော့ အောက်တိုဘာလ ၁၂ ရက်နေ့မှာ ဝယ်ယူရေးလုပ်ငန်းစိစစ်ရေးကော်မတီကို တင်ပါတယ်။ ခုန ကျွန်တော်တင်ပြတဲ့ Procurement Working Committee မှာဘယ်သူပါပါလဲဆိုတော့ ညွှန်ကြားရေးမှူး သုံးဦးပါပါတယ်။ ဒုတိယညွှန်ကြားရေးမှူး တစ်ဦး ပါပါတယ်။ လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးပါပါတယ်။ စိစစ်သုံးသပ်ရေးကော်မတီမှာပါတာကတော့ ညွှန်ကြားရေးမှူးချုပ်ပါပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ် လေးယောက်ပါပါတယ်။ ညွှန်ကြားရေးမှူး သုံးယောက်ပါပါတယ်။ ဒီ Procurement Committee ကကြည့်ပြီးတော့ သဘောတူတယ်။ ဝယ်သင့်တယ်လို့ ပြောတဲ့အခါကျတော့ ဘယ်ကိုတက်လာပါလဲဆိုတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန(EC)၊ ဘဏ္ဍာရေးနှင့် စက်ပြင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၁၂ ရက်နေ့မှာ တက်လာပါတယ်။ ချက်ချင်းပဲတက်လာပါတယ်။ တက်လာပြီးတော့ ကျွန်တော်တို့က ကြည့်လိုက်တယ်။ ကြည့်လိုက်တဲ့အခါကျတော့ ကော်မတီနှစ်ခုကလည်း ဝယ်ခွင့်ပြုတယ်။ တင်ပြတဲ့ဆေးကလည်း သူတို့တင်ပြတုန်းက အစစ်ဖြစ်တယ်။ အဲဒါကြောင့် EC ကနေပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ဆိုပြီး ကျွန်တော်ခွင့်ပြုခဲ့တယ်။ ကျန်းမာရေးဝန်ကြီးဌာန(EC)က ကျွန်တော် ဥက္ကဋ္ဌပါ။ ညွှန်ကြားရေးမှူးချုပ်တွေ အကုန်ပါပါတယ်။ အဲဒီတော့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှာ စာချုပ်ချုပ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ပစ္စည်းတွေရောက်ပါတယ်။ ပစ္စည်းက ဘာလဲဆိုတော့ Medicaine Injection two percent one and Hundred Thousand နဲ့ နောက်တစ်ခုက H Dent Dental Needle။ စမှာတုန်းက ၃၃၀၀၀ နောက်ဆုံးကျွန်တော်တို့ဝယ်တာ ၁၆၀၅၀ ဝယ်ပါတယ်။ One and Ten thousand hundred thousand ဆိုတာတော့ Adrenaline ပါ။ ထုံဆေးထိုးတဲ့အခါမှာ သွေးကြောတွေပိတ်သွားတဲ့အခါကျမှ ထုံဆေးက အကြာကြီးခံတဲ့အပြင် ထုံဆေးရဲ့ဆိုးကျိုးတွေလည်း သင့်မြတ်အောင် သွေးကြောကျဉ်းတဲ့ဟာ Adrenaline ဆိုတာပါပါတယ်။ Two Percent ကတော့ ထုံဆေးပါ။ Lignocaine ပါပါတယ်။ အဲဒါကိုမှာတာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ထုံဆေးကသက်သက်၊ အပ်ကသက်သက်ပါ။ နှစ်ခုပါပါတယ်။ အပ်က ထုံဆေးကိုစုပ်ပြီးမှ အဲဒီလိုထိုးတာပါ။ အပ်ပါပါပြီးသားပါ။ အဲဒီတော့ ကျွန်တော်တို့က ပစ္စည်းရောက်တဲ့အခါကျတော့ ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့ဆိုတာရှိပါတယ်။ ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က ရန်ကုန်မှာရောက်တဲ့အတွက် ရန်ကုန်ကစစ်ပါတယ်။ ဒီဖွင့်ဖောက် စစ်ဆေးမှုမှာဘယ်သူပါလဲဆိုတော့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ပြည်သူ့ကျန်းမာရေးနဲ့ ကုသနှစ်ဦးပါပါတယ်။ ညွှန်ကြားရေးမှူး Level၊ တစ်ယောက်က ဒုတိယညွှန်ကြားရေးမှူးချုပ် Level။ လက်ထောက်ညွှန်ကြားရေးမှူး လေးဦးပါပါတယ်။ အရာရှိသုံးဦးနဲ့ ကျန်းမာရေးမှူးတစ်ဦးပါပါတယ်။ သူတို့က နှစ်ခါစစ်ပါတယ်။ ပထမတစ်ခါက ထုံဆေး၊ နောက်တစ်ခါအပ်။ ဖေဖော်ဝါရီလ ၁ ရက်နဲ့ ၂၃ ရက်မှာ နှစ်ခါစလုံးစစ်တဲ့အခါမှာ ကျွန်တော်တို့ဆီကို ဘာတက်လာလဲဆိုတော့ Specification နဲ့ကိုက်ညီပါတယ်။ သူတို့မှာတာနဲ့ကိုက်ညီတဲ့အတွက် ဘဏ္ဍာရေးနှင့် စက်ပစ္စည်းညှိနှိုင်းရေးကော်မတီ ကျွန်တော်တို့ဆီရောက်တဲ့အခါမှာ၊ ကြည့်တဲ့အခါမှာ မှာတဲ့ပစ္စည်းနဲ့ Specification နဲ့ကိုက်ညီတယ်လို့ စစ်ဆေးရေးအဖွဲ့ကပြောတဲ့

အတွက် ကျွန်တော်တို့က ဒါကို ငွေချေဖို့အတွက် ခွင့်ပြုလိုက်တယ်။ သူတို့က ကိုက်ညီတယ်ပြောတဲ့ အတွက် အဲဒီတော့ ကျွန်တော်တို့ကခွင့်ပြုနိုင်တဲ့အတွက် ပစ္စည်းတွေကို ဧပြီလကနေပြီးတော့ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို အကုန်လုံး သူ့ခွဲတမ်းအရ ရန်ကုန်ကနေ ပို့လိုက်ပါတယ်။ အဲဒီအချိန်မှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ကျတော့ သူ့မူရင်းကုမ္ပဏီပေါ့။ ကုမ္ပဏီကနှစ်ခုရှိပါတယ်။ အဲဒီကုမ္ပဏီကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးထံလိပ်မူ၍၊ တရားဝင် Brand အမည်ကိုသုံး၍ အခြားကုမ္ပဏီမှမမှန်မကန်သောပစ္စည်းများကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနသို့ ရောင်းချထားသည်ကို စစ်ဆေးပေးပါရန် ဦးစီးဌာနများသုံးခုကို အသိပေးအကြောင်း ကြားထားသော်လည်း ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းမရှိ၍ဆိုပြီးတော့ ကျွန်တော့်ဆီကို တိုက်ရိုက်အသိပေးတိုင်ကြားတဲ့အတွက် စာရောက်လာပါတယ်။ ဩဂုတ်လ ၁ ရက်နေ့မှာ ကျွန်တော့် ဆီကိုရောက်ပါတယ်။ ရောက်တဲ့အခါမှာ ဩဂုတ်လ ၄ ရက်နေ့မှာ ကျွန်တော်ကနေပြီးတော့ စာကို ရရှိတဲ့အတွက် DE ပြုလုပ်ရန်၊ Department of Enquire ပြုလုပ်ရန်နှင့် DE အဖွဲ့တွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်၍ အခြား ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးမှ အတွင်းရေးမှူး ဆောင်ရွက်၍ FDA မှ ညွှန်ကြားရေးမှူးတစ်ဦး ပါဝင်သောအဖွဲ့ကို ဖွဲ့ရန်ဆိုပြီး ကျွန်တော်အမိန့်ချလိုက် တယ်။ Copy ကို အမြဲတမ်းအတွင်းဝန်နဲ့ ဒုတိယအမြဲတမ်းအတွင်းဝန်ကို ပေးလိုက်တယ်။ ဩဂုတ်လ ၄ ရက်ပါ။ ဩဂုတ်လ ၈ ရက်ကျတော့ ကျန်းမာရေးဝန်ကြီးဌာနက ဌာနဆိုင်ရာရုံးတွင်းအမိန့်စာနဲ့ (၃/၂၀၁၇)နဲ့ DE အဖွဲ့ဖွဲ့ပေးလိုက်ပါတယ်။ ဩဂုတ်လ ၈ ရက်နေ့မှာပါ။ အဲဒီတော့ ဩဂုတ်လ ၂၃ ရက်နေ့မှာကျတော့ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ Department Enquire Team ကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနသို့ အကုန်ချက်ချင်းလုပ်နေတာပါ။ Dental Needle နဲ့ Mediciane Injection များမှာ တရားမဝင် လမ်းကြောင်းမှ တင်သွင်းလာခြင်းတွေ့ရ၍ အဆိုပါဆေးနှင့်ဆေးဝါး များကို FDA မှစစ်ဆေးပေးရန် အတွက် ကျွန်တော်တို့ Recommend လုပ်ပါတယ်။ ကျွန်တော်တို့က နေပြီးတော့ ၂၃ မှလုပ်တဲ့အတွက် ဩဂုတ်လ ၂၅ ရက်နေ့မှာ ဒုတိယအမြဲတမ်း အတွင်းဝန်ကနေပြီး တော့ ဆေးနမူနာတွေနဲ့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြတဲ့နမူနာတွေ FDA ကိုပေးလိုက်ပါ တယ်။ ဒါက ၂၅ ရက်နေ့မှာပေးတာ။ ၂၆ ရက်နေ့ကျတဲ့အခါကျတော့ ကျွန်တော့်အနေနဲ့က ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ အစီရင်ခံစာတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်တို့အား Back up သေချာစွာ ဦးစားပေးအမြန်ဆုံး ဆုံးဖြတ်ချက်ချရန် တင်ပြပြီး ဩဂုတ်လ ၂၆ ရက်နေ့မှာ ကျွန်တော်မှတ်ချက်ရေးလိုက်ပါတယ်။ အဲဒီတော့ အဲဒီအချိန်မှာပဲ ဩဂုတ်လ ၂၉ ကျတော့ အဲဒီလိုဖြစ်တဲ့အတွက် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကနေပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများအားလုံးကို အဆိုပါဆေးပစ္စည်းများ၏ အရည်အသွေးနှင့်ပတ်သက်၍ ပြန်လည်စိစစ်မှုများဆောင်ရွက်လျက်ရှိ သောကြောင့် H Dent Dental Needle နဲ့ Medicaine Injection များအသုံးပြုမှုကို ဆိုင်းငံ့ထားရန်နှင့် ထုတ်ပေးထားသည့် ကျန်းမာရေးဌာနအသီးသီးသို့ ထပ်ဆင့်အကြောင်းကြားရန်ဆိုပြီးတော့၊ ညွှန်ကြားရေးမှူးချုပ်ကနေပြီး တော့ ဩဂုတ်လ ၂၉ ရက်နေ့မှာ အကြောင်းကြားလိုက်ပါတယ်။ စက်တင်ဘာလ ၄ ရက်နေ့ကျတဲ့အခါ ကျတော့ ကျွန်တော်တို့အနေနဲ့က ဌာနဆိုင်ရာစစ်ဆေးရေး DE အဖွဲ့ကပြောတာက တရားစွဲဆိုသင့် တယ်လို့ပြောတဲ့အတွက် အကြံပြုချင်တာက အမြဲတမ်းအတွင်းဝန်မှာ ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊

အကြံပြုချက်များအတိုင်း တရားစွဲဆိုဆောင်ရွက်နိုင်ရန် ဥပဒေကြောင်းအရ မှန်ကန်မှုရှိ/မရှိ သဘောထားမှတ်ချက်အကြံပြုချက်များကို မေတ္တာရပ်ခံပြီးတောင်းခဲ့ပါတယ်။ ကျွန်တော်တို့ သွားခဲ့လို့မရပါဘူး။ စွဲသင့်/မစွဲသင့်ဆိုတာကို DE အဖွဲ့ရဲ့တင်ပြချက်အားလုံးနဲ့ ရှေ့နေချုပ်ရုံးပေးတဲ့အခါမှာ တချိန်တည်းမှာပဲ FDA ကပစ္စည်းပြန်ရောက်လာပါတယ်။ FDA က စက်တင်ဘာလ ၂၂ ရက်နေ့မှာ ဘယ်လိုပြန်ရောက်လာလဲဆိုတော့ FDA မှ Dental Needle နှင့် Medicaine Injection များအားခေတ်ခဲ့စစ်ဆေးတွေ့ရှိချက်များကို တင်ပြလာခဲ့ရာ မူလတင်ဒါတင်သွင်းစဉ်က နမူနာအဖြစ် တင်ပြသောဆေးနှင့် ဆေးပစ္စည်းများနှင့် ကွဲလွဲနေကြောင်းကို FDA ကနေ ဝန်ကြီးရုံးကိုစာပြန်လာပါတယ်။ အဲဒီအချိန်မှာ အောက်တိုဘာလ ၁၁ ရက်နေ့မှာတော့ ပြည်ထောင်စုဝန်ကြီးမှ ကြယ်ပွင့်မပြ မေးခွန်းကိုကျွန်တော်ဖြေလိုက်ပါတယ်။ ဖြေတဲ့အခါမှာ DE အဖွဲ့၏စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအရ တရားစွဲဆိုသင့်ကြောင်း ကျွန်တော် ဖြေခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကျွန်တော် ဖြေတဲ့အချိန်မှာရှေ့နေချုပ်ရုံးက တရားစွဲဖို့ စာပြန်မလာသေးပါဘူး။ ကြယ်ပွင့်မပြကိုဖြေတဲ့အချိန်မှာ။ အောက်တိုဘာလ ၂၃ ရက်နေ့မှာကျတော့ ရှေ့နေချုပ်ရုံးက စာပြန်လာပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှအသေးစိတ်လေ့လာခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ DE(Department Enquire Team)ရဲ့ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအတိုင်း တရားစွဲဆိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဆိုပြီး ရှေ့နေချုပ်ရုံးက ပြန်လာပါတယ်။ အဲဒီတော့ ဒါက အောက်တိုဘာလ ၂၃ ရက်ပါ။ အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကျွန်တော့်အနေနဲ့ ယင်းသဘောထားမှတ်ချက်အပေါ် ပြည်ထောင်စုဝန်ကြီးမှ အဖွဲ့ငယ်နှင့် အမြန် Review လုပ်ပြီး ဆုံးဖြတ်ချက်တင်ပြပါ ကျွန်တော်မှတ်ချက်ချလိုက်တာချက်ချင်းပါ။ တစ်ချိန်တည်းမှာပဲ ဘယ်လိုဖြစ်လည်းဆိုတော့ အဲဒီ အချိန်မှာ ဒီဇင်ဘာလ ၂၇ ရက်နေ့နှစ်ကုန်ခါနီးမှာ မူလကုမ္ပဏီက အဲဒီ ဒီဇင်ဘာလ ၂၇ ရက်နေ့ ရက်စွဲနဲ့ပဲ ကြယ်ပွင့်မပြမေးခွန်းအားဖြေကြားရာတွင် တရားစွဲဆိုသင့်ကြောင်းပါရှိသော်လည်း တရားမစွဲဆိုသေးသဖြင့် ပြည်ထောင်စုဝန်ကြီးထံသို့ ထပ်မံစာပို့တဲ့အခါမှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ ကျွန်တော်စာရပါတယ်။ ရတဲ့အခါမှာတော့ ကျွန်တော်ကတော့ အင်္ဂလိပ်လိုရေးလိုက်ပါတယ်။ It is the serious matter, please review it together with the investigation report အလွန်အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက်ထွက်ပေါ်လာတဲ့ investigation အကုန်လုံးပြန်ပြီးတော့ လုပ်ပါလို့ မှတ်ချက်ချပြီးတော့ အမြဲတမ်းအတွင်းဝန်နဲ့ FDA ကိုပို့ခဲ့ပါတယ်။ အဲဒါက ဇန်နဝါရီလ ၃ ရက်နေ့ပါ။ အဲဒီအချိန်မှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ကျွန်တော်စာရပါတယ်။ ဘာလဲဆိုတော့ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌမှ ကုမ္ပဏီနှစ်ခုကနေပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံကို ဒီဇင်ဘာလ ၂၇ ရက်နေ့ ရက်စွဲနဲ့ပဲလိပ်မူပြီး အစီရင်ခံစာကို အားကစားဝန်ကြီးဌာနမှ သိရှိဆောင်ရွက်နိုင်ရေးဆိုပြီးတော့ ကျွန်တော်ရရှိပါတယ်။ အဲဒါ ဇန်နဝါရီလ ၁၆ ရက်နေ့ပါ။ အဲဒီတော့ ကျွန်တော်တို့ဟာ ဖေဖော်ဝါရီလ ၂၈ ရက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအမှတ်စဉ်(၂/၂၀၁၈)မှ ရှေ့နေချုပ်ရုံး၏ပြန်ကြားချက်အတိုင်း အမျိုးသားဆေးဝါးဥပဒေပါပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော်တို့ EC ပေါ့။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကို တရားစွဲဖို့ လိုအပ်သလိုဆက်လက်ဆောင်ရွက်ပါလို့ ညွှန်ကြားရေးမှူးချုပ် ကို ကျွန်တော်တို့က ပြောလိုက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဘာမှမဖြစ်သေးတဲ့အတွက် Reminder မတ်လ ၂၁ ရက်နေ့မှာ ကျွန်တော်တို့က

ထုတ်ပါတယ်။ ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ်(ပက)ကို ဆောင်ရွက်ပြီးစီးမှုအခြေအနေ ပြန်လည်တင်ပြပါ။ Reminder ထပ်ထုတ်ပါတယ်။ ထပ်ထုတ်တဲ့အတွက် ကျွန်တော်တို့ မတ်လ ၂၈ မှာ ထပ်ထုတ်ပါတယ်။ ဧပြီလ ၂၅ ရက်နေ့မှာ သူတို့က ဇယား ဆွဲပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းရဲစခန်းတွင် အမျိုးသားဆေးဝါးဥပဒေပါ ပြစ်မှုကြောင်း အရ အမှုဖွင့်အရေးယူပေးရန်ဆိုပြီး အကြောင်းကြားထားပါတယ်။ တစ်ခုတော့ရှိတာပေ့ါ။ Officially အကြောင်းကြားတာ ဧပြီလမှဖြစ်သွားတာပေ့ါ။ အဲဒါတွေရှိပါတယ်။ ဒီစာကိုတင်တဲ့အချိန်မှာတော့ ဇန်နဝါရီ ၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က တရားမစွဲလို့ ထပ်ပြီးတင်ပါတယ်။ ဒါက ဖြစ်စဉ်အကုန်ပါ။ အခုလောလောဆယ်ကတော့ ရဲကနေပြီးတော့ ကျွန်တော်တို့လူတွေကိုလည်း ခေါ်မေးနေပါတယ်။ အားလုံးကို စစ်နေတာပေ့ါ။ စစ်တာတော့ မဟုတ်ဘူး။ သက်သေခေါ်မေးတာပေ့ါ။ ကျွန်တော်တို့က တရားလိုဖြစ်နေတယ်။ အဲဒါကြောင့်ပါ။

ဒုတိယမေးခွန်းကို ကျွန်တော်ဖြေပါမယ်။ ဒုတိယမေးခွန်းကတော့ နောင်တွင် ဤသို့မဖြစ်ရန် ဘာတွေလုပ်ပါ။ ကျွန်တော့်လက်ထက်မှာ ဒီ ဝယ်ယူရေးနဲ့ Procurement မှာ အရမ်းအရေးကြီးတဲ့ အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နဲ့ ကျွန်တော် တစ်ယောက်ကို Promotion ပေးပြီးတော့ Procurement and Distribution Unit ဖွဲ့ လိုက်ပါတယ်။ ဒီ Unit ကလည်း စဖွဲ့စဉ်ကနည်းတဲ့ အတွက် ကျွန်တော်တို့ ၂၀၁၇ ခုနှစ်နောက်ပိုင်း အခုအချိန်အထိမှာ ကုသရေးရုံးချုပ်မှာ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူးသုံးဦး၊ လက်ထောက်ဆရာဝန်သုံးဦး၊ နေ့စားဝန်ထမ်း ၁၀ ဦးနဲ့ အားဖြည့်လိုက်တယ်။ ထို့အပြင် ရန်ကုန် CMSC ဗဟိုဆေးသိုလှောင်ရေးမှာ လည်း ဒုတိယညွှန်ကြားရေးမှူး ဖြန့်ဖြူးတစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး၊ ဆေးဘက်ကျွမ်းကျင် နှစ်ဦးခန့်လိုက်ပါတယ်။ နောက် ပြည်သူ့ကျန်းမာရေး Procurement မှာလည်း ကျွန်တော်တို့က ညွှန်ကြားရေးမှူးတစ်ဦး၊ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူးနှစ်ဦးလေးဦး ခန့်လိုက်ပါတယ်။ ထို့အပြင် သူတို့ကိုလည်း ကျွန်တော်တို့က Experience ရအောင်ဆိုပြီးတော့ India, Japan, Sri Lanka, Denmark မှာ UNICEF နဲ့လုပ်တယ်။ Procurement and Distribution အစည်းအဝေးသင်တန်းတွေကို အကုန်လုံးကို လွှတ်ပြီးပါပြီ။ နောက်တစ်ချက်ကတော့ လုပ်တဲ့နေရာမှာ အဆင်ပြေအောင်လို့ အခုကတော့ သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇)ပါ ညွှန်ကြားချက်နဲ့ အတိအကျ ကျွန်တော်တို့လုပ်နေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ နောက် ဆေးနှင့် ဆေးပစ္စည်းများလက်ခံရေးကော်မတီကိုလည်း စနစ်တကျဖွဲ့စည်းထားပြီး တင်ဒါလာရောက်သွင်းစဉ်က ပေးသောနမူနာပစ္စည်းများနှင့် ကိုက်ညီခြင်းရှိ/မရှိ အထူးဂရုပြု၍ တိုက်ဆိုင်စစ်ဆေးခြင်းကို ကျွန်တော်တို့လုပ်နေပါတယ်။ ပြတုန်းကတစ်မျိုး၊ ဟိုမှာ တစ်မျိုးဖြစ်မှာစိုးလို့ နမူနာကိုယူပြီး ကျွန်တော်တို့လုပ်ပါ တယ်။ နောက် ပစ္စည်းတင်သွင်းသည့်ကုမ္ပဏီက တင်ဒါတင်သွင်းစဉ်က သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီဖို့အတွက် တာဝန်ယူကြောင်း လက်မှတ်ထိုးခိုင်းပါတယ်။ ထို့အပြင် လာရောက်ယှဉ်ပြိုင်စဉ် မူလထုတ်လုပ်သည့် တရားဝင်ကိုယ်စားလှယ်လွှဲစာ(Letter of Authorization)ကိုလည်းတောင်းခံခြင်း၊ အဆိုပါ Letter of Authorization ကို စိစစ်တယ်။ လိုအပ်ပါက Letter of Authorization ပေးသောကုမ္ပဏီကို ဆက်သွယ်စိစစ်ခြင်းများ ကျွန်တော်တို့ ဆက်လက်တောင်းမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ဝယ်တဲ့အခါမှာ အမျိုးသားဆေးဝါးဥပဒေအရ မှတ်ပုံတင်ရရှိထားသောဆေးဝါးဖြစ်ရန်နှင့် ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းလုပ်ခွင့်လက်မှတ်ရတဲ့

တရားဝင်ကိုယ်စားလှယ်များကိုပဲ ကျွန်တော်တို့လက်ခံပါတယ်။ မဟုတ်ရင် လုံးဝလက်မခံပါဘူး။ နောက် အိတ်ဖွင့်တင်ဒါလာရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများ၏ လုပ်ငန်းအတွေ့အကြုံ ယခင် တင်ဒါတင်သွင်းစဉ်က အမည်ပျက်စာရင်းရှိ/မရှိ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှု ငွေကြေးပမာဏ တောင့်တင်းမှုရှိ/မရှိကိုလည်း သုံးသပ်ခိုင်းထားပါတယ်။ နောက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် တင်ဒါတင်သွင်းသည့်ဆေးဝါးပစ္စည်းများ၊ စက်ပစ္စည်းများနှင့်ပတ်သက်၍ နမူနာပစ္စည်း Profile များ ကိုလည်း အကုန်လုံးမှတ်တမ်းတင်ထားပါတယ်။ နောက်အရေးကြီးတဲ့အချက်ကတော့ ဒါပါပဲ။ ပစ္စည်း ဖွင့်ဖောက်စိစစ်လက်ခံရာတွင် လိုက်နာရမည့် Standard Operating Procedure များရေးဆွဲ၍ လည်းကောင်း၊ Check List များပြုစု၍လည်းကောင်း ပစ္စည်းများကို ကျွန်တော်တို့လက်ခံနေပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဆေးဝါးပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဂိုဒေါင်များမှာ ထားသိုနိုင်ရန် ဂိုဒေါင်များကို တိုးချဲ့ဖို့ကို ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်မှာ လျာထားကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒလမြို့ရှိ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ရပ်ကွက်တည်ရှိရာနေရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ထမ်းများအတွက် အဆင့်မြင့်၊ အထပ်မြင့်ဝန်ထမ်းအိမ်ရာ စီမံကိန်းများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒလမြို့ကျန်းမာရေးဝန်ထမ်းရပ်ကွက်မှာ ကျန်းမာရေးဝန်ထမ်းများ အတွက် အဆင့်မြင့်အိမ်ရာ၊ အထပ်မြင့်အိမ်ရာစီမံကိန်းနဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဲဒီမေးခွန်းမေးမြန်းဖို့အတွက် တင်ပြရာမှာ Power Point နဲ့ တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒလမြို့ပေါ်မှာ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်ရှိပါတယ်။ မြေကွက် ၂၃၃ ကွက်ရှိတဲ့ ဝန်ထမ်းအိမ်ရာရပ်ကွက်ဟာ ၁၉၉၉ ခုနှစ်က မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းပေးခဲ့တဲ့အချိန်မှာ မြို့ကွက်မြေပုံမှာ ကျန်းမာရေးဝန်ထမ်းများအတွက်လို့ ရည်ရွယ်ချက်နဲ့သီးသန့်ပါရှိခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို မြေစာရင်း လွှဲပြောင်းပေးခဲ့ခြင်းမရှိတဲ့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ မြို့မြေစာရင်း မှာလည်း အမည်ပေါက်မပါရှိဘဲ လက်ရှိမြို့အိုးအိမ်ဦးစီးဌာနပိုင်အဖြစ် တည်ရှိနေသေးတဲ့ ၃၈ ဒသမ ဧကဧရိယာကျယ်ဝန်းလှတဲ့ ကျန်းမာရေးဝန်ထမ်းရပ်ကွက်ကြီးဖြစ်တဲ့အကြောင်း အဲဒီမှာ အထင်အရှား ပြထားပါတယ်။ အဲဒီနေရာမှာ ရန်ကုန်ဆေးရုံကြီးက ကျန်းမာရေးဝန်ထမ်းမိသားစုတွေ နေထိုင်ရန် အတွက် နိုင်ငံတော်က လိုင်းပေါင်း ၉၅ လိုင်း၊ အခန်းပေါင်း ၇၆၀ ဆောက်လုပ်ပေးခဲ့ပြီး လက်ရှိ

အခြေအနေမှာတော့ လိုင်းပေါင်း ၉၁ လိုင်း၊ အခန်း ၇၂၀ သာ မိသားစုလူဦးရေ ၃၉၃၇ ဦးဟာ ဖြစ်သလိုနေကြရတဲ့ အခြေအနေဆိုက်ရောက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုံတွေမှာမြင်တွေ့ရသလိုပဲ ယခုအချိန်မှာ လိုင်းခန်းအများစုမှာ အကြောင်းအကြောင်းကြောင့် ပျက်စီးယိုယွင်းလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းမိသားစုတွေရဲ့ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးအဆင့်အတန်းဟာ လွန်စွာနိမ့်ကျပြီးတော့ အခြေအနေဆိုးဝါးလျက်ရှိနေပါတယ်။ ပြင်ဆင်ဖို့လည်း နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ခြင်းမရှိလို့ မိမိတို့အစီအစဉ်ဖြင့် ဖြစ်သလိုပြုပြင်နေထိုင်ရတာ ဝမ်းနည်းဖွယ်ရာတွေ့ရှိရပါတယ်။ ဒ့ါအပြင် မြို့ပြနဲ့အိုးအိမ်ဦးစီးဌာနရဲ့ ကျန်းမာရေးဝန်ထမ်းများအတွက် သီးသန့်မှတ်ချက်ပြုထားတဲ့နေရာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်မြေအဖြစ် Cabinet အစည်းအဝေးတွေမှာ တောင်းဆိုရင်လွှဲပြောင်းရယူနိုင်တဲ့ အခြေအနေရှိတယ်လို့လည်း သိရပါတယ်။ ဒါပေမဲ့ ယခုအချိန်ထိတော့ လွှဲပြောင်းပေးရန် တောင်းဆိုခြင်းမရှိသေးဘူးလို့လည်း ထပ်မံသိရှိရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဟာ ဝန်ထမ်းအိမ်ရာနှစ်ဖြစ်တယ်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားပြီးလည်း ဖြစ်ပါတယ်။ ရန်ကုန်-ဒလမြစ်ကူးတံတားစီမံကိန်းကိုလည်း နိုင်ငံတော်အစိုးရမှ အားကြိုးမာန်တက် စတင်ဆောင်ရွက်လျက်ရှိရာ တံတားကြီးပြီးမယ်လို့ ယုံကြည်ရပါတယ်။ ဒီတံတားကြီးသာပြီးရင် ရန်ကုန်ဘက်ကမ်းက ၁၅ မိနစ်ခရီးသာရှိတဲ့ အဆိုပါကျယ်ဝန်းလှတဲ့နေရာမှာ ဒလမြို့နယ်အတွက်သာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာအရာထမ်း၊ အမှုထမ်းများအတွက် အဆင့်မြင့်ဝန်ထမ်းအိမ်ရာစီမံကိန်းဖြင့်ဆောင်ရွက်ရန်အလွန်သင့်လျော်လှပါတယ်။ တကယ်လို့ ဝန်ထမ်းအိမ်ရာသာ မဆောက်ဖြစ်ဘူးဆိုရင်တော့ ကျူးကျော်နေထိုင်သူများ ဝင်ရောက်လာနိုင်ပါသေးတယ်။ အဲဒီအန္တရာယ်ရှိပါတယ်။ ဒါကြောင့် ပျက်စီးယိုယွင်းလျက်ရှိသော လက်ရှိဝန်ထမ်းအိမ်ရာရပ်ကွက်တည်ရှိရာနေရာတွင် လွန်စွာနိမ့်ကျလျက်ရှိသော ဝန်ထမ်းများ၏နေမှု၊ ထိုင်မှုအခြေအနေများ တိုးတက်ပြောင်းလဲစေရန်လည်းကောင်း၊ ဒလမြို့ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ထမ်းများအတွက် အဆင့်မြင့်၊ အထပ်မြင့်ဝန်ထမ်းအိမ်ရာစီမံကိန်း ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာအစီအစဉ်တွင်ထည့်သွင်း၍ မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားပါမယ်။ မေးခွန်းမှာအဓိကတော့ ဝန်ထမ်းများအတွက် အဆင့်မြင့်၊ အထပ်မြင့်ဝန်ထမ်းအိမ်ရာစီမံကိန်းများ ဆောင်ရွက်ပေးရန်ရှိ/မရှိနဲ့ပတ်သက်၍

မေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူ့ဆေးရုံကြီးများမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်း အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆိုလို့ရှိရင်တော့ ဒလမှာရှိတဲ့ဝန်ထမ်းအိမ်ရာရပ်ကွက်မှာပေးပါတယ်။ အခြားပြည်သူ့ဆေးရုံတွေဆိုရင်တော့ သူ့ရဲ့ဆေးရုံရဲ့မြေနေရာ နေရာတည်ရှိမှုအပေါ်မှာမူတည်ပြီးတော့ ကျန်းမာရေးဌာနပိုင်မြေနေရာမှာရှိတဲ့နေရာမှာ ကျွန်တော်တို့ဆောက်ပေးပါတယ်။ အထပ်မြင့်အိမ်ရာများကိုလည်း နှစ်စဉ်စီမံကိန်းထဲမှာ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိသော ပြည်သူ့ဆေးရုံကြီးများ၏ ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကို ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၅-၂၀၁၆ ခုနှစ်ကနေဆောက်ပါတယ်။ အထပ်မြင့်အဆောက်အဦ လေးလုံးရပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အထပ်မြင့်အဆောက်အဦ ၁၀ လုံးတည်ဆောက်ပြီးတော့ ၂၀၁၈-၂၀၁၉ ခုနှစ်၊ လာမည့်အောက်တိုဘာ ဘတ်ဂျက်အထဲမှာဆိုရင်တော့ အထပ်မြင့် ၂၄ လုံးဆောက်ဖို့ လျာထားပါတယ်။ ဒလမြို့မှာတော့ ကျန်းမာရေးဝန်ထမ်းရပ်ကွက်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဝန်ထမ်းများအတွက် အထပ်မြင့်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်ကစဆောက်တာ အခုရှစ်ခန်းတွဲလေးထပ် နှစ်လုံးဆောက်လို့ပြီးပါပြီ။ တစ်လုံးကတော့ ရာခိုင်နှုန်း ၁၀၀ ပြည့်သွားပြီ။ နောက်တစ်လုံးကတော့ ၈၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ခြောက်ခန်းတွဲ လေးထပ်တစ်လုံး ကျွန်တော်တို့ဆောက်မှာဖြစ်ပါတယ်။ ဒီမှာကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ ဒလမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း လိုင်းပေါင်း ၉၀ မှာ အခန်းတွဲဟာ တစ်ထပ်သစ်သားလိုင်းတွေဖြစ်ပါတယ်။ လိုင်းပေါင်း ၉၀ မှာ အခန်းပေါင်း ၇၂၀ နဲ့ အခု ၆၉၉ ခန်းမှာ လူနေပြီးတော့ ၂၁ ခန်း လူမနေတာကို တွေ့ရပါတယ်။ နေထိုင်သော အိမ်ထောင်စုပေါင်းကတော့ ၇၃၆ နေထိုင်ပါတယ်။ ဆိုလိုတာက တချို့အိမ်မှာဆိုရင် အိမ်ထောင်စုနှစ်စုလောက်နေတာကို တွေ့ရပါတယ်။ အဲဒီတော့ ရန်ကုန်မှာရှိတဲ့နေရာဟာ ဘာတွေလဲဆိုရင် ရန်ကုန်မှာ ဗဟိုဆေးရုံကြီးခြောက်ရုံရှိပါတယ်။ အမျိုးသား ခါတ်ခွဲဌာန၊ တီဘီ၊ ကာလသား၊ လုပ်ငန်းခွင်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ဆေးဘက်ပညာ တက္ကသိုလ်၊ သူနာပြု/သားဖွားနဲ့ ကျောင်းတွေရှိပါတယ်။ ဒီမှာရှိတဲ့ဝန်ထမ်းတွေကို ကျွန်တော်တို့က ပေးရပါတယ်။ ပေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ဒလမှာဆက်ဆောက်မယ်ဆိုလို့ရှိရင်တော့ အဆင့်မြင့်၊ အထပ်မြင့်ဆိုလို့ရှိရင် နေရာကမရှိတဲ့အတွက် ရှိတာကိုဖျက်ပြီးမှဆောက်ရမယ်။ အဆင့်မြင့်၊ အထပ်မြင့်တစ်ခုဆောက်ဖို့ရှိရင် ခုန လိုင်းလေးလိုင်းကိုဖျက်ရမယ်။ ဖျက်မယ်ဆိုရင် သူတို့ဘယ်နေရာမှာပြောင်းမယ်ဆိုတဲ့ပြဿနာတစ်ခုရှိပါတယ်။ တစ်ပြိုင်တည်းဆောက်လို့မရပါဘူး။ သို့သော်လည်း ကျွန်တော်တို့က ဒါကိုကြည့်ပြီးတော့ ဘယ်လိုလုပ်မလဲ စဉ်းစားမယ်ဆိုတာပဲရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ၂၀၁၈-၂၀၁၉ ခုနှစ်သည် ဝန်ထမ်းအိမ်ရာနှစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ စာရင်းဇယားတွေ အကုန်ကောက်ပြီးပါပြီ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးက စာရင်းဇယားတွေကောက်ပြီးပါပြီ။ ဘယ်လောက်လိုလဲ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ၂၀၁၈-၂၀၁၉ ခုနှစ်ဘတ်ဂျက်ရတဲ့ သန်းပေါင်း ၇၈၁၄၄.၇ သန်းထဲက ၈၃.၆၆ ရာခိုင်နှုန်းကို အိမ်တွေပဲဆောက်မှာဖြစ်ပါတယ်။ ဆေးရုံအသစ်တွေမဆောက်ပါဘူး။ ဒီမှာပြန်ကြည့်တဲ့အခါမှာ အားလုံးပါပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာချထားတဲ့ငွေရဲ့ ၇၈.၀၅ ရာခိုင်နှုန်းကို ဝန်ထမ်းအိမ်ရာဆောက်ဖို့ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ၆၂ ခန်းပြီးမယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာတော့ ၇၆၄ ခန်းပြီးမယ်။ ဆိုလိုတာက တစ်နှစ်တည်းဆောက်လို့မရပါဘူး။ ခွခွဆောက်တဲ့အတွက် ဆိုလိုတာက ၂၀၁၉-၂၀၂၀

ခုနှစ်မှာဆိုလို့ရှိရင်တော့ ကျွန်တော်တို့က အခန်း ၈၀၀ ကျော်လောက် ရန်ကုန်တိုင်းဒေသကြီးအတွက် ဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အကုန်လုံးတွက်ပြီးပါပြီ။ ဒီ ရန်ကုန်တိုင်းဒေသကြီးအတွက် ဆောက်မှာကို ဇွန်လ၊ ဇူလိုင်လလောက်မှာစပြီးတော့ နေရာတစ်ခါတည်းချပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေကို အကြောင်းကြားတော့မယ်။ ကျွန်တော်တို့ ဒီနေရာမှာ ဒါဆောက်ချင်တယ်။ ဆောက်မယ်ဆိုရင်လည်း မြေရှိတဲ့နေရာတွေဖြစ်ပါတယ်။ မြေမရှိတဲ့နေရာကို ကျွန်တော်တို့က ဆောက်လို့မရပါဘူး။ ဒလအတွက်ကို ပြောမယ်ဆိုလို့ရှိရင် ၂၀၁၅-၂၀၁၆ ခုနှစ်က ဆောက်လာတဲ့ ရှစ်ခန်းတွဲလေးထပ်တစ်လုံးက ရာခိုင်နှုန်း ၁၀၀ ပြီးသွားတဲ့အတွက် ၃၂ ခန်း ရပါတယ်။ အခု နောက်ထပ် ရှစ်ခန်းတွဲလေးထပ်တစ်လုံးဆောက်တာ ဒလမှာဘဲ ၈၅ ရာခိုင်နှုန်း ပြီးပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ကုန်လောက်မှာ ပြီးစီးဖို့ရှိပါတယ်။ ၃၂ ခန်းထွက်လာမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်ကြီးက ရန်ကုန်တိုင်းတစ်တိုင်းလုံးကိုမေးတဲ့အတွက် ရန်ကုန်တိုင်းတစ်တိုင်းလုံးအနေနဲ့ဆိုလို့ရှိရင် ၂၀၁၇-၂၀၁၈ ခုနှစ်ဆိုလို့ရှိရင် ဆေးရုံ ၇ ရုံအတွက်ကို ၃၁၆ ခန်း ဆောက်နေပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဆေးရုံ ၁၆ ရုံအတွက်ကို ၃၁၈ ခန်းဆောက်နေပါတယ်။ ဆိုတာက ထွက်ပေါ်လာမယ့် အခန်းပေါင်းက ၇၂၆ ခန်းဖြစ်ပါတယ်။ နောက် ဗဟိုအဆင့်မဟုတ်တာက ၁၉၂ ဆိုတော့ အားလုံး ၉၅၄ ခန်းထုတ်ဖို့ရှိပါတယ်။ ဒီမှာလည်း အသေးစိတ်တွေအကုန်ရှိပါတယ်။ ရန်ကုန်ဆေးရုံ၊ မြောက်ဥက္ကလာပ ဆေးရုံ၊ သယ်န်းကျွန်းစံပြဆေးရုံ၊ မင်္ဂလာဒုံအထူးကုဆေးရုံ၊ အင်းစိန် အထွေထွေရောဂါကုဆေးရုံ၊ အရိုးအဆစ်အထွေထွေရောဂါဆေးရုံ၊ အရိုးအထူးကုဆေးရုံ၊ ရန်ကုန် ကလေးဆေးရုံကြီး၊ ရန်ကုန်အထူးကု ကလေးဆေးရုံ၊ ရန်ကုန်အထွေထွေရောဂါဆေးရုံ၊ တာမွေနား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ အကုန်လုံး ကျွန်တော်တို့က အခန်းပေါင်း အကုန်လုံးလျာထားပါတယ်။ ဒီဥစ္စာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဒါကိုဆောက်မှာ။ ဆိုလိုတာကတော့ ဒီဟာကို ပိုက်ဆံဒီထက်မကရမယ်ဆိုလို့ရှိရင် ဒီထက်မက ဆောက်ပေးချင်ပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ အဓိကက အိမ်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စကိုလည်း မျက်ခြေမပျက်ပါဘူး။ ကိုယ်တိုင်ကိုခေါ်ပြီးတော့ မနက်ဖြန်လည်း အစည်းအဝေး ခေါ်ထားပါတယ်။ ဒီဟာကို ဘယ်လိုစဆောက်တော့မလဲ။ ဘယ်လိုခွဲဝေမလဲဆိုတာ ခွဲဝေဖို့ အကုန်လုံး အဆင်သင့်ရှိပါပြီ။ Approval ပြီးတာနဲ့ ကျွန်တော်တို့ စပြီးတော့ သေချာပြီဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွေကို စတင်အကြောင်းကြားတော့မှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအနေနဲ့ ပြည့်စုံစွာဖြေကြားသွားတဲ့အတွက် လွန်စွာကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်ကြားလိုက်တဲ့ အထဲမှာ ဒလမြို့ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်မှာ ဝန်ထမ်းအိမ်ရာစီမံကိန်း ဆောက်ဖြစ်မယ်၊ မဆောက်ဖြစ်ဘူး တိတိကျကျသိချင်တာပါ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီးမှ ဖြေကြားအပ်ပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့က ဖြေတဲ့နေရာမှာ တစ်ပြည်လုံးနဲ့ကြည့်ရပါတယ်။ ဒလတစ်ခုတည်းကိုပဲ ကွက်ကြည့်လို့မရပါဘူး။ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်း ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်းအကုန်လုံးကြည့်ရတဲ့အတွက် Propositionally

ပေါ့လေ။ ပေးသင့်သလောက်ပေးမှာပါ။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း အများကြီး ဆောက်မှာပါ။ ENT ဆေးရုံတွေမှာဆိုရင် အများကြီးထွက်လာမှာပါ။ အထပ်တွေဆောက်နေပါပြီ။ မကြာခင်မှာ အများကြီးထွက်လာမှာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်တော်တစ်ခုတင်ပြချင်တာက လွှတ်တော်ကိုယ်စားလှယ်ကြီးက ဓာတ်ပုံတွေပြပါတယ်။ ဝန်ထမ်းအိမ်ရာတွေ ကြည့်မကောင်းပါဘူး။ တာဝန်မှာ ဘယ်သူ့မှာတာဝန်ရှိပါသလဲလို့ မေးမယ်ဆိုရင် အမှန်တိုင်းပြောရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးပါ။ ဘာကြောင့် ကျွန်တော်က ဒီစကားကိုပြောရလဲဆိုလို့ရှိရင် မနှစ်က ပိုက်ဆံသန်းပေါင်း ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ပိုက်ဆံသန်းပေါင်း ၄၇၄၇ ခု ပြန်အပ်လိုက်ရပါတယ်။ မနှစ်က လောလောလတ်လတ်။ ဒါကမဖြစ်သင့်တဲ့ကိစ္စပါ။ အကယ်၍သာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဒါမျိုးကို ဒေါက်တာစိန်မြအေးအနေနဲ့ လွှန်ခဲ့တဲ့ငါးလလောက်က ဒီဓာတ်ပုံတွေကို (ကျွန်တော့်အဆင့်ထိရောက်စရာမလိုပါဘူး)။ ပြမယ်ဆိုလို့ရှိရင် ဒီပြင်ဆင်စရိတ်ထဲကနေပြီးတော့ ခုနဟာတွေကို ပြင်လို့ရပါတယ်။ ဒါကတော့ ကျွန်တော်အမှန်တိုင်းပြောတာပါ။ အပ်လိုက်တယ်ဆိုတာ ကျွန်တော်လုံးဝတစ်ကျပ်တောင်ပြန်မအပ်ချင်ပါဘူး။ ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ အကုန်လုံးအပ်လိုက်ရပါတယ်။ သူ့သက်ဆိုင်ရာဌာနဦးစီးမှူးကနေ ကုသရေးဦးစီးဌာနဆိုရင် ၂၂၀၊ ပြည်သူ့ကျန်းမာရေးဌာနဆိုရင် ၄၄၆၁ သန်းအများကြီးပဲ။ ဒါတွေကို ကျွန်တော်တို့ ဒီနှစ်မှာလုံးဝ တစ်ကျပ်တောင် ကျွန်တော် ပြန်မအပ်ဘူးလို့ ပြောထားပါတယ်။ ကျွန်တော့်ဝန်ထမ်းတွေကို မနက်ဖြန်လည်း အစည်းအဝေးခေါ်ထားပါတယ်။ ဒီနှစ်ကလည်း အရေးပေါ်ဘတ်ဂျက်လုပ်ထားပါတယ်။ ပိုက်ဆံပြတ်တယ်ဆိုတာ ကျွန်တော်တို့လုပ်ငန်းရဲ့ ကျွန်တော်တို့ရဲ့ Efficiency မကောင်းလို့သာ ပြန်အပ်ရခြင်းဖြစ်တယ်။ ကျွန်တော်လုံးဝမအပ်ဘူး။ မအပ်သော်ငြားလည်း ပိုက်ဆံတွေကိုတော့ သေသေချာချာစိစိစစ်စစ်နဲ့ အကျိုးရှိစွာသုံးဖို့ ပြောကြားထားပါတယ်။ မနက်ဖြန်လည်း ကျွန်တော်အစည်းအဝေးခေါ်ထားပါတယ်ခင်ဗျ။ လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုင်းတုံမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံသည် သတ်မှတ်ထားသော ခုတင်အသုံးချမှု ၁၅၀ % ထက်ကျော်လွန်နေပြီဖြစ်ပါ၍ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလာခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မကြားရပါဘူး။ မိုက်နားကပ်ပြီးပြောပါ။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ မိုင်းတုံမဲဆန္ဒနယ်က ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းတုံမြို့ရဲ့အရှေ့ဘက်မှာ မိုင်းဆတ်မြို့နယ်နှင့် အနောက်ဘက်မှာ မိုင်းပန်မြို့နယ်ရှိပြီး သံလွင်မြစ်နှင့်ပိုင်းခြားထားပါတယ်။ မြောက်ဘက်တွင် မိုင်းပျဉ်းမြို့နယ်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ မိုင်းတုံမြို့နယ်သည် စတုရန်းမိုင် ၂၂၅၂.၂၈၈ မိုင်ကျယ်ဝန်းပြီး မြို့နယ်အတွင်း မြို့နှစ်မြို့နှင့် ရပ်ကွက် ၁၁ ခု၊ ကျေးရွာအုပ်စု ၁၆ ခု၊ ကျေးရွာပေါင်း ၁၁၄ ရွာနှင့် တပ်ရင်းရှစ်ရင်း အခြေချစစ်ဗျူဟာတစ်ခုရှိပြီး လူဦးရေ ၇၀၀၀၀

ကျော် နေထိုင်ကြပါတယ်။ ‘ဝ’ အထူးဒေသ(၂)တပ်စွဲထားရာ ဒေသလည်းဖြစ်ပါတယ်။ သွားလာရခက်ခဲတဲ့နယ်စပ်မြို့လေးသာဖြစ်တဲ့အတွက် ဒေသအတွင်း ရှမ်း၊ လားဟူ၊ ဝ ၊ ဗမာ တိုင်းရင်းသားများနေထိုင်ကြပြီး ကျန်းမာရေးအသိပညာနည်းမှုကြောင့် အသည်းအသန်ဖြစ်မှသာ ဆေးရုံသို့ပြေးလာကြသည့်အတွက် ကျန်းမာရေးအသိပညာပေးမှုများ၊ သင်တန်းပေးခြင်းများ အထူးဆောင်ရွက်ပေးရန်လိုအပ်သောဒေသလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ၂၀၁၇ ခုနှစ် မိုင်းတုံမြို့နယ်ဆေးရုံရဲ့ခုတင်အသုံးချမှုနှင့် ဆေးရုံမှတ်တမ်းဖြစ်ပါတယ်။ ဝန်ကြီးဌာနကိုလည်း ပေးပို့ထားပြီး ဖြစ်ပါတယ်။ ၂၅ ခုတင်ဆံ့ဆေးရုံမှာ ခုတင်အသုံးချမှုဟာ ၁၅၉.၆ ရာခိုင်နှုန်းရှိနေတဲ့အတွက် ခြောက်ဆတိုးလာတဲ့လူနာတွေနဲ့ ဝန်ထမ်းတွေဟာ အင်နဲ့အားမမျှဘဲနဲ့ နားချိန်မရှိဘဲ အလုပ်လုပ်နေကြရပါတယ်။ ဒါ ဆေးရုံမှတ်တမ်းတွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းတုံမြို့နယ်ဆေးရုံကို ၁၉၆၂ ခုနှစ်ကတည်းကတည်ဆောက်ထားတဲ့အတွက် လက်ရှိအဆောက်အဦမှာ ဒိုင်းများနှင့် အမိုးများအချို့ မိုးယိုပျက်စီးလျက်ရှိနေပြီး ပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်နေပါတယ်။ လိုအပ်နေပါသော်လည်း နဂိုဆေးရုံအဆောက်အဦမှာ ကျယ်ဝန်းတဲ့အတွက် လူနာခုတင် ၅၀ ဆံ့ဝင်နေပါတယ်။ သို့သော် လူနာသည် ၅၀ ထက်မကဘဲများပြားလာတဲ့အတွက် အရေးပေါ်တိုးချဲ့ဆောင်အဖြစ် ၂၄ ပေ x ၉၆ ပေ အုတ်ညှပ်၊နံကပ် တစ်ထပ်တစ်ဆောင်ကို ခုတင် ၂၀ ဆံ့ အဆောက်အဦနဲ့ လိုအပ်သော ခုတင်၊ ထိုင်ခုံများကို ပြည်သူလူထုအားဖြင့် ၂၀၁၇ ခုနှစ်မှာ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ခုတင်အသုံးချမှုမှာလည်း ၁၅၀ ရာခိုင်နှုန်းထက်ကျော်လွန်နေပြီဖြစ်တဲ့အတွက် လတ်တလောဆေးဝါး လုံလောက်စွာရရှိရန်ဝန်ထမ်းများနှင့် လူနာများ မမျှဖြစ်နေသည့်အတွက် ဝန်ထမ်းဖွဲ့စည်းပုံအမြန်တိုးမြှင့်ပေးရန်နှင့် ဝန်ထမ်းအိမ်ရာခွင့်ပြုချထားပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ (၁) သတ်မှတ်ခုတင်အသုံးချမှု ၁၅၀ ရာခိုင်နှုန်း ပြည့်မီကျော်လွန်နေပြီဖြစ်ပါ၍ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်၊ (၂) မူလဆေးရုံအား ပြင်/ထိန်းဆောင်ရွက်ပေးရန်၊ (၃) ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန်၊ (၄) ပထမဦးစားပေးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိပါက မည်သည့်အတွက်ကြောင့်မရှိကြောင်း သိရှိလိုပါသဖြင့်ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး၏ မေးခွန်းဖြစ်သော ၂၅ ခုတင်ဆံ့ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် သတ်မှတ်တဲ့ကိစ္စနဲ့စပ်လျဉ်း၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာကိုကြည့်တဲ့အခါမှာ ကျွန်တော်တို့မှာ Criteria တွေရှိပါတယ်။ ၂၅ ကနေ ၅၀။ Criteria တွေ အသေးစိတ်တော့ ကျွန်တော် မဖတ်တော့ပါဘူး။ ကျွန်တော်တို့ ပြန်ကြည့်

လိုက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ ၂၀၁၇ ခုနှစ်မှာ ဆေးရုံခုတင် အသုံးချနှုန်းက ၁၆၀ ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးပညာမှာ ဒီလို Point တစ်ခုရဲ့စာရင်းဇယားကိုကြည့်ပြီး ဆုံးဖြတ်ချက်ချလို့မရပါဘူး။ ဒီ Point သည် Statistics မှာ Outlier ဖြစ်နိုင်ပါတယ်။ အရမ်းမြင့်တာလည်းဖြစ်နိုင်တယ်။ အရမ်းနိမ့်တာလည်း ဖြစ်နိုင်တယ်။ အဲဒီတော့ ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ ၂၀၁၃ ခုနှစ်မှာ ခုတင်အသုံးချနှုန်းဟာ ၃၃ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၃၄ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၅၀ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၁၆၀ ထိ တက်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ပြန်ကြည့်တယ်။ ဘာဖြစ်လို့ ၁၆၀ တက်ရတာလဲ။ ကျွန်တော်တို့ အသေးစိတ်ပြန်ကြည့်လိုက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတာမှန်ပါတယ်။ ဇူလိုင်လကနေပြီးတော့ နိုဝင်ဘာလအထိ တက်သွားတာတွေ့တယ်။ ဘာကြောင့်တက်လဲ။ TMO နဲ့ကြည့်တဲ့အခါကျတော့ သွေးလွန်တုပ်ကွေး(Den gue he morrhagic Fever)ဖြစ်လို့ တက်ခြင်း ဖြစ်ပါတယ်။ အကယ်၍သာ မိုင်းတုံမှာ ဆက်လက်ပြီး နောက်ထပ်တစ်နှစ်၊ နှစ်နှစ်ဒီလို တက်နေမယ်ဆိုလို့ရှိရင် ဒီဟာကို ၂၅ ခုတင်ကနေပြီးတော့ ၅၀ ခုတင်ကို ပေးဖို့ လုံးဝဝန်မလေးပါဘူး။ နောက်နှစ်မှာ ကျွန်တော်တို့စောင့်ကြည့်ပါမယ်။ နောက်နှစ်မှာလည်း တက်သလား။ ဒါပေမဲ့ ဒီကိစ္စမှာတော့ ကျွန်တော်က မတက်အောင် သွေးလွန်တုပ်ကွေးတက်ခြင်းသည် ပြည်သူ့ကျန်းမာရေးလုပ်ဆောင်မှု ညံ့တာတော့မဟုတ်ဘူးပေါ့။ လိုအပ်လို့ဖြစ်တာ။ သွေးလွန်တုပ်ကွေးဆိုတဲ့ရောဂါဟာ ပြည်သူကျန်းမာရေးအသိဉာဏ်ရှိတယ်။ ကျွန်တော်တို့ကောင်းကောင်းပညာပေးမယ်ဆိုလို့ရှိရင် မဖြစ်သင့်တဲ့ရောဂါ ဖြစ်ပါတယ်။ ဆက်စပ်လို့ ဒီနှစ်မှာ ကျွန်တော်တို့မဖြစ်အောင် စပြီး အများကြီးလုပ်နေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခုမှာ အဓိကပါ။ ဒါဆိုလိုတာ ကျွန်တော်တို့ဆက်ကြည့်ပါမယ်။ ဆက်ကြည့်လို့ တက်မယ်ဆိုလို့ရှိရင် ပေးဖို့လုံးဝဝန်မလေးပါဘူး။ နောက်တစ်ချက်က ဒီဆေးရုံမှာ ဆိုလို့ရှိရင် လိုအပ်တဲ့ ECG စက်အသစ်တစ်လုံး၊ Blue Photo Stand တစ်ခုတို့၊ Baby Warmer တစ်ခု၊ Baby Cot ၁၀ လုံး၊ Locker ငါးလုံးကို ၂၀၁၈ ခုနှစ် ဇွန်လမှာ ကျွန်တော်တို့ ပေးမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို ကျွန်တော်တို့ ပေးပါတယ်။ ဒီဆေးရုံမှာရှိတဲ့ ခြံစည်းရိုးကာရံဖို့အတွက်ကို ၉.၄ သန်းပေးပါတယ်။ အမျိုးသမီးလူနာဆောင်အမိုးပြုပြင်ဖို့ ၅.၃ သန်းပေးပါတယ်။ ဆေးရုံအဝင်လမ်း ကွန်ကရစ်ခင်းတာကို ၄.၄ သန်း ပေးပါတယ်။ လူနာဆောင် ကြွေပြားခင်းခြင်းကို ၅.၂ သန်း ပေးပါတယ်။ ဝန်ထမ်းအိမ်ရာများ ပြုပြင်ရေးလုပ်ငန်းများကိုလည်း ဒီဘဏ္ဍာမှာ ကျွန်တော်တို့ခွဲဝေချထားမှာ ဖြစ်ပါတယ်။ တိုးချဲ့ဆောင်အသစ်နဲ့ အဟောင်း အဝင်လမ်းကွန်ကရစ်ခင်းတာကိုလည်း ၁.၂ သန်း ပေးပါတယ်။ ကူးစက်လူနာဆောင် ကြွေပြားခင်းခြင်းကိုလည်း ၁.၇ သန်းပေးပါတယ်။ တိုးချဲ့ဆောင်အဟောင်းနဲ့ အသစ်ကြားမှာ ကွန်ကရစ်ခင်းတာကိုလည်း ၁.၆ သန်းပေးပါတယ်။ ဆိုလိုတာက ၃၇.၁၄ သန်းပေးပါတယ်။ ထုံးစံကတော့ ၂၅ ခုတင်ဆိုလို့ရှိရင် ကျွန်တော်က ၁၅ သန်းပဲ ပေးတာပါ။ ၁၅ သန်းကို ပိုပြီးတော့ ၃၂.၇၂ သန်း ပေးပါတယ်။ ထို့အပြင် ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်မှာ ဆိုလို့ရှိရင် ဆေးရုံရဲ့အဓိကလိုအပ်ချက်ဖြစ်တဲ့ ရင်ခွဲရုံပြုပြင်ခြင်းလုပ်ငန်းကို ကျွန်တော်တို့ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နောက် ဆေးရုံရဲ့ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနဲ့ အခြားလိုအပ်ချက်၊ ကုသရေး လိုအပ်ချက်များကို ကုသရေးနဲ့ဆိုင်မယ်ဆိုလို့ရှိရင်တော့ ဆက်လက်ပြီး ရန်ပုံငွေမှာ တိုးချဲ့ပြီးတော့ ပေးဖို့ ဝန်မလေးပါဘူး။ ယခုအခါမှာ မိုင်းတုံပြည်သူ့ဆေးရုံရဲ့လိုအပ်ချက်အရ ကုသရေးဝန်ဆောင်မှုဆိုင်ရာ

အခြေခံအဆောက်အအုံများပြင်ဆင်ထိန်းသိမ်းခြင်းဆောင်ရွက်လိုသလိုပဲ ၂၀၁၈-၂၀၁၉ ခုနှစ်မှာလည်း ငွေလုံးငွေရင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အတိုင်း ခြောက်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် ခွဲစိတ်အဆောက်အဦတစ်လုံးတည်ဆောက်ခြင်းကို ကျွန်တော်တို့စာရင်းထဲမှာ ထည့်ထားပြီဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ စောစောက ဝန်ကြီးဖြေသွားတာ ကျေးဇူးတင်ပါတယ်။ သို့သော်လည်း လူနာခုတင်အသုံးချမှုဟာ ပြီးခဲ့တဲ့နှစ်ကမှ တက်လာတဲ့ဥစ္စာကို အဲဒါကို နည်းနည်းဖြေရှင်းချင်ပါတယ်။ ကျွန်တော်တို့သိသလောက်ကတော့ ကျွန်တော်တို့ ဒီဒေသမှာနေတာ ကြာပါပြီ။ အဲဒီတော့ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ခုတင်အသုံးချမှုရာခိုင်နှုန်းနည်းတဲ့အကြောင်းရင်းက တကယ်တမ်းဆို အရင်က ကျွန်တော်တို့ဆီမှာ ဆရာဝန်တွေဟာ များသောအားဖြင့် လာတဲ့ဆရာဝန်တွေဟာ ဆေးကုသခြင်းမပြုဘဲနဲ့ ဟိုကိုသွားခိုင်းလိုက်၊ ဒီကိုသွားခိုင်းလိုက်၊ မိုင်းဆတ်ကို သွားခိုင်းလိုက်၊ တာချီလိတ်ကို သွားခိုင်းလိုက်၊ ထိုင်းကို သွားခိုင်းလိုက်။ အဲဒီတော့ ကျွန်တော်တို့မိုင်းတုံမှာ စကားတစ်ခုကြားခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ သွားဆရာဝန်ပဲ ရှိပါတယ်ဆိုပြီး ကျန်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ခုတင်အသုံးချမှုနည်းခဲ့ရတာပါ။ အခုဝန်ကြီးပြောသွားတဲ့ဥစ္စာ တစ်နှစ်တည်းလူနာများလာတဲ့ဥစ္စာကို စောင့်ကြည့်မယ်ဆိုတဲ့ဟာကျတော့ ဝန်ကြီးကလည်း နဂိုကလည်း ခုတင်အသုံးချမှု ၁၅၀ အထက်ကျော်လွန်မယ်ဆိုရင် ဒါ အဆင့်တိုးပေးမယ်ဆိုပြီးတော့ ကတိပေးထားတာရှိပါတယ်။ အဲဒီကတိအတွက် ကျွန်တော်ပြန်မေးရခြင်း ဖြစ်ပါတယ်။ အဆင့်တိုးပေးနိုင်ခြင်းရှိ/မရှိ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ အဆင့်တိုးပေးတယ်ဆိုတာ ၁၆၀ တက်လာခြင်းရဲ့အကြောင်းရင်းက ဖြစ်ရိုးဖြစ်စဉ်တက်တာမဟုတ်ပါဘူးခင်ဗျား။ ဖြစ်ရိုးဖြစ်စဉ် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ထိခိုက်ရောဂါနှင့်တက်လာတယ်ဆိုရင်တော့ ဒါကို ချက်ချင်းတောင်ပေးသင့်တဲ့ကိစ္စဖြစ်ပါတယ်။ သို့သော် ဒီမှာ ၁၆၀ တက်ခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ခေတ္တခဏဖြစ်တဲ့ Epidemic Disease ကြောင့်တက်တာဖြစ်တဲ့ အတွက် နောက်နှစ်မှာ တက်ဖို့အလားအလာအလွန်နည်းတဲ့အတွက် ကျွန်တော်က နှစ်နှစ်၊ သုံးနှစ် စောင့်ကြည့်ဖို့ ပြောတာပါ။ မပေးဘူးလို့ ကျွန်တော်မဆုံးဖြတ်ပါဘူး။ နောက်နှစ်မှာ တက်မယ်ဆိုရင် ကျွန်တော်ပေးမယ်။ နောက်နှစ်မှာတော့ တက်ဖို့အလားအလာတော်တော်နည်းပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပဲ မှန်ပါတယ်။ တချို့အချက်က အရင်တုန်းက ဆရာဝန်မရှိလို့လည်းဖြစ်နိုင်တယ်။ ဆရာဝန်မတော်လို့လည်း ဖြစ်နိုင်တယ်။ ဆက်ဆံရေးမကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါကို မပေးဘူးလို့ မပြောပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ အားလုံးကို ပေးချင်ပါတယ်။ သို့သော်လည်း ပေးတဲ့အခါမှာ Rational ပေါ့လေ။ ပေးသင့်ပေးထိုက်တာကိုဖြစ်တဲ့အတွက် ကျွန်တော်တို့ စောင့်ကြည့်ပါမယ်။ မပေးဘူးလို့ ကျွန်တော် ယတိပြတ်

ပြောတာမဟုတ်ပါဘူး။ ကြည့်လို့ ပေးဖို့လိုအပ်တယ်။ ၁၅၀ ထက်ကျော်နေပြီဆိုရင် ကျွန်တော်တို့ စဉ်းစားပေးမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့်စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိုင်းဝေါင်းဆိုင်ဟိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာ့သစ်သီးဝလံဈေးကွက်ပိုမိုဖြစ်ထွန်းလာစေရန်၊ ပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာစေရန်နှင့် ခေတ်မီစိုက်ပျိုးရေးဆိုင်ရာနည်းပညာရပ်များ ပိုမိုပြန့်ပွားလာစေရန်ရည်ရွယ်၍ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက်စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့်စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတစ်ရပ်ကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော်၏ အဆိုကိုဖတ်ကြားတင်သွင်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးဟုဆိုရာတွင် နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများလည်း ပါဝင်နေပါသည်။ ယနေ့ကမ္ဘာတွင် သစ်သီးဝလံဈေးကွက်များ အောင်မြင်ဖြစ်ထွန်းနေသော်လည်း ကျွန်တော်တို့ မြန်မာ့သစ်သီးဝလံဈေးကွက်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့်အဆင့်မျိုးသာ ရောက်ရှိနေသေးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ဈေးကွက်အတွင်းမြင်တွေ့နေရသော ကျွန်တော်တို့ နေ့စဉ်စားသုံးနေသည့် သစ်သီးဝလံများသည် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုထက်ပို၍ အရည်အသွေးနှင့်

အဆင့်အတန်းမြင့်မားသော ပြည်ပသစ်သီးဝလံများက နယ်စပ်ဒေသအသီးသီးမှ ဝင်ရောက်နေရာ ယူထားခြင်းဖြစ်ပါသည်။ နိုင်ငံအဝန်း ကျေးလက်တောရွာငယ်များအထိ ကုန်စည်စီးဆင်းမှုရှိသဖြင့် သစ်သီးဝလံဈေးကွက်များ နေရာတကာပုံစံတူမြင်တွေ့နေရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်သီးဝလံများသည် အရသာရှိပြီး သဘာဝဗီတာမင်ဓာတ်များ၊ သတ္တုဓာတ်များနှင့်ဖြည့်စွက်အဟာရပေါကြွယ်ဝသဖြင့် ကျွန်တော်တို့လူသားများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အစားအဟာရအတွက် မရှိမဖြစ်အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက် ရှိပါတယ်။ သမိုင်း၊ ယဉ်ကျေးမှုမစတင်မီက လူသားတို့သည် သစ်ဥ၊ သစ်ဖုနှင့် သစ်သီးဝလံများကိုသာ အဓိကအစားအစာအဖြစ် ရှာဖွေစားသောက်ခဲ့ကြပြီး ယနေ့အထိ လူ့ယဉ်ကျေးမှုအသိုင်းအဝိုင်းများ၌ သစ်သီးများဖြင့် တည်ခင်းဧည့်ခံခြင်း၊ အဟာရသီးနှံအဖြစ် နေ့စဉ်စားသုံးခြင်းတို့ကို မြင်တွေ့နေရမှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာသစ်သီးဝလံမျိုးပေါင်း ၁၇၀၀၀၀ ခန့်ရှိပြီးတော့မှ ရာသီဥတုရေမြေဒေသ အလိုက် ကွဲပြားရှင်သန်ဖြစ်ထွန်းနေကြတာ တွေ့ရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ ရာသီဥတုနှင့် သဘာဝ အနေအထားစုံလင်စွာတည်ရှိသဖြင့် ဈေးကွက်ဝင်သီးနှံမျိုးပေါင်းများစွာ စိုက်ပျိုးထုတ်လုပ်နိုင်သော အခွင့်အလမ်းများစွာရှိနေပါတယ်။ လက်ရှိအခြေအနေတွင် ဒေသအလိုက်စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင် နေကြသော နှစ်ရှည်ခံသီးနှံပင်များ၊ မြန်မာပြည်အနှံ့ ရှိကြပါသည်။ ဥပမာ- သရက်သီးကို နေရာ တော်တော်များများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ကြပြီး ကျွဲကောသီးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးထွက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ရှမ်းကုန်းမြင့်ဒေသမှာ လိမ္မော်နှင့်ရှောက်ချိုများ ဖြစ်ထွန်းအောင်မြင်ပြီး အပူပိုင်းဒေသဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် စပျစ်သီး၊ ဆီးသီးစသည့် အပင်များအောင်မြင်ဖြစ်ထွန်းကြပါတယ်။ ရာသီဥတုနှင့်နေရာဒေသကိုလိုက်ပြီးတော့မှ အုန်း၊ ငှက်ပျော၊ သရက်၊ ပိန္နဲ၊ စပျစ်၊ ရှောက်ချို၊ လိမ္မော်၊ ပန်းသီး၊ နဂါးမောက်သီး၊ ကျွဲကောသီး၊ လိုင်ချီးသီး၊ သစ်တော်သီး၊ ထောပတ်သီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ဆီးသီး၊ သစ်ကြားသီး၊ သစ်အယ်သီးစသည်ဖြင့် ဈေးကွက်ဝင်လူကြိုက်များသော သစ်သီးဝလံများစိုက်ပျိုး လုပ်ကိုင်နိုင်သည်ကိုတွေ့ရှိရပါသည်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျောင်းခွဲများဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ နှစ်ရှည်သီးပင်ဘာသာရပ်များအတွက် ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာန၊ မော်လမြိုင် တွင် နှစ်ရှည်သီးနှံအထူးပြုကျောင်းခွဲ၊ လှည်းကူးတွင် ဥယျာဉ်ခြံသီးနှံအထူးပြုနှင့် သီးနှံကာကွယ်ရေး အထူးပြုကျောင်းခွဲစသည်ဖြင့် ဖွင့်လှစ်ပို့ချပေးနေပါတယ်။ သို့မှသာ အနာဂတ်စိုက်ပျိုးရေးပညာ၊ နည်းစနစ်နှင့် အရင်းအမြစ်ကွာဟမှုကို ကျွန်တော်တို့ စိန်ခေါ်ဖြတ်ကျော်နိုင်မှာဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး၊ ဟန်မြင့်မိုရ်တွင်ဖွင့်လှစ်ထားရှိသော မြနန္ဒီစိုက်ပျိုးရေးခြံကဲ့သို့ တောင်သူများ အားကိုး အားထားပြုရသော စီမံကိန်းမျိုးကို အခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ပေး၍ ဒေသ၏အဓိကစီးပွားဖြစ် နှစ်ရှည်သီးနှံများအပေါ် ထောက်ပံ့ကူညီဆောင်ရွက် ပေးစေလိုပါသည်။ မြနန္ဒီစိုက်ပျိုးရေးခြံကြီးတွင် မြန်မာပြည်အနှံ့မှ သရက်သီးစိုက်တောင်သူများအတွက် အဓိကအားထား ရသော စိန်တလုံးနှင့်အခြားသရက်စပ်မျိုးများကို ပင်မအရင်းအမြစ်အဖြစ် ဈေးနှုန်းချိုသာစွာဖြင့်

ဖြန့်ဖြူးပေးနိုင်ခြင်းဖြစ်ပါတယ်။ ယခုနှစ် ပင်မပေါက်ဈေး တစ်နှစ်သား စပ်မျိုးအိတ်တစ်အိတ်လျှင် ကျပ် ၃၀၀၀ နှုန်းဖြစ်ပေါ်နေချိန်၌ ၎င်းစိုက်ပျိုးရေးခြံမှာ ၆၀၀ ကျပ်နှုန်းဖြင့် သရက်စိုက်တောင်သူများထံ အများအပြားဖြန့်ဖြူးပေးနိုင်တာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သစ်သီးဝလံဈေးကွက်နှင့် စိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်းမြင့်မားလာစေရန် ဒေသခံအသင်းအဖွဲ့များ၊ အစုအဖွဲ့များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ ဥပမာ- ကျွဲကောအစုအဖွဲ့၊ အုန်းအစုအဖွဲ့၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အစုအဖွဲ့အသင်းများတို့ဖြစ်ပါတယ်။ စိုက်တောင်သူများရဲ့အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များဟာ မျိုးပင်၊ နည်းပညာနှင့်နည်းစနစ်များပင်ဖြစ်ပါတယ်။ ရှေးအစဉ်အဆက်က စိုက်ပျိုးလုပ်ကိုင်လာသော ဒေသထွက်နှစ်ရှည်သီးနှံပင်များမှာ အရည်အသွေးကျဆင်းလာသဖြင့် ယနေ့ခေတ်ပေါ်စပ်မျိုးများကို မယှဉ်နိုင်တော့ပါ။ အရည်အသွေးနှင့် အထွက်နှုန်းများစွာကွာခြားနေပါသည်။ ယနေ့ ပုဂ္ဂလိကကုမ္ပဏီများ၊ စိုက်ပျိုးလုပ်ကိုင်သူများမှ နိုင်ငံခြားမျိုးနှင့် မူရင်းဒေသမျိုးပေါင်းစပ်ထားသော တန်ဖိုးမြင့်ပျိုးပင်များထုတ်လုပ်ရောင်းချနေပါတယ်။ ထောပတ်၊ ဆီးသီး၊ ပန်းသီး၊ သရက်သီးတို့ကို နမူနာအဖြစ်တွေ့မြင်နိုင်ပါတယ်။ ဤနည်းပညာများဖြင့် နိုင်ငံတော်မှလည်း ဒေသနှင့်လိုက်ဖက်သော စီးပွားဖြစ်စပ်မျိုး Hybrid အဖြစ်ပြောင်းလဲ၍ ဒေသအလိုက် ဖြန့်ဖြူးပေးစေလိုပါတယ်။ ထို့အပြင် စပ်မျိုးနှင့်သက်ဆိုင်သော နည်းပညာရပ်များ ဖြစ်သည့် မျိုးစပ်ခြင်း၊ စိုက်နည်း၊ အပင်ထိန်းသိမ်းနည်း၊ အသီးအရည်အသွေးမြှင့်တင်နည်းများကို စိုက်တောင်သူကြီးများနှင့်ထိတွေ့၍ သင်တန်းပေးခြင်း၊ ခေတ်စနစ်နှင့်လျော်ညီသော စာအုပ်များ၊ CD ခွေများ ဖြန့်ဝေခြင်း၊ သတင်းအချက်အလက်များကို WEBSITE များတွင် အခါမရွေးလွှင့်တင်ပေးခြင်းတို့ဖြင့် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းအပေါ် ကူညီထောက်ပံ့ပေးစေလိုပါသည်။ သို့မှသာ မြန်မာနိုင်ငံသစ်သီး ဝလံစိုက်ပျိုးထုတ်လုပ်မှုအဆင့်အတန်း မြန်ဆန်စွာမြင့်မားတိုးတက်လာနိုင်မည်ဖြစ်ပြီး ပြည်တွင်းတစ်ပိုင်တစ်နိုင်ဈေးကွက်မှသည် ပြည်ပတင်ပို့ကုန်အဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသဖြင့် ဒီအဆိုကိုတင်သွင်းရခြင်း ဖြစ်ပါသည်။ ကျွန်တော်၏အဆိုကို ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သစ်သီးဝလံဈေးကွက်ဟာ အရေးပါအရာရောက်တဲ့ဈေးကွက်တစ်ခုအဖြစ် နေရာယူလျက်ရှိနေပါ

တယ်။ ပြည်တွင်းဥ္စာသာမက ပြည်ပပို့ကုန်အဖြစ်ပါ လုပ်ဆောင်လာကြတဲ့အတွက် နိုင်ငံခြားဝင်ငွေရှာဖွေ ပေးတဲ့ဈေးကွက်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုအားစိုက်လုပ်ဆောင်လာကြခြင်းဖြစ်ပါတယ်။ ပြည်တွင်းရောင်းဝယ်ဖောက်ကားဖို့အတွက် ဒေသအသီးသီးမှာ နာမည်ရနေတဲ့သစ်သီးဝလံတွေ ရှိကြပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဘက်မှာတော့ လိမ္မော်သီး၊ ရှောက်ချိုသီး၊ ထောပတ်သီး၊ သစ်တော်သီး၊ နာနတ်သီးကဲ့သို့ သစ်သီးများဟာ လူသိများပါတယ်။ ပြည်မမြေပြန့်ဒေသမှာတော့ စပျစ်သီး၊ ဆီးသီး၊ သရက်သီး၊ ငှက်ပျောသီး၊ ဖရဲသီးစသည်ဖြင့် ရာသီအလိုက်လှိုင်လှိုင်ထွက်သော သီးနှံများကိုတွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ သစ်သီးဝလံတွေပေါများတယ်ဆိုပေမဲ့ ယင်းနယ်စပ်ဒေသ ဂိတ်အသီးသီးမှာ ပြည်ပကသစ်သီးဝလံတွေ အလုံးအရင်းဝင်ရောက်လာတာကို မြင်တွေ့နေရပါတယ်။ အဆိုရှင်တင်ပြထားသလို ပြည်ပကတင်သွင်းလာတဲ့ သစ်သီးဝလံများဟာ ကျွန်တော်တို့ဒေသအသီးသီးကထွက်ရှိတဲ့ သစ်သီးဝလံများထက် အရည်အသွေးသာလွန်တဲ့အတွက် ကျွန်တော်တို့ကိုယ်တိုင်ဈေးကြီးပေးပြီး ဝယ်ယူစားသုံးနေကြရပါတယ်။ ယနေ့စူပါမားကတ်ကြီးတွေမှာ၊ ကုန်တိုက်ကြီးတွေမှာ တန်ဖိုးမြင့်နေရာယူထားတာကတော့ ပြည်ပကလာတဲ့သစ်သီးဝလံများသာ ဖြစ်ပါတယ်။ တောရွာမြို့ပါမကျန် သစ်သီးအရောင်းဆိုင်များမှာ အခင်းအကျင်းကလည်း တူညီနေကြပါတယ်။ ဒါဟာ နယ်စပ်ပေါက်တွေကနေဝင်ရောက်လာတဲ့ အမျိုးအစားတူသစ်သီးဝလံများဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ပြည်ပပို့ကုန်အဖြစ် သရက်သီး၊ ထောပတ်သီး၊ ဖရဲသီးစတဲ့ သစ်သီးတွေကို စမ်းသပ်ပို့ဆောင်နေတာလည်း သိရှိရပါတယ်။ သို့ရာတွင် သတ်မှတ်စံချိန်စံညွှန်းမမီသဖြင့် ဖရဲသီးများဈေးနှိမ်ခံရပြီး ဒီနှစ်ထဲမှာ ဖရဲစိုက်တောင်သူတွေ တွက်ခြေမကိုက်ကြောင်းသိရပါတယ်။ စိန်တလုံးသရက်သီးများဟာ နာမည်ကြီးပို့ကုန်ဖြစ်သော်လည်း ကန့်သတ်ချက်တွေ၊ ထုပ်ပိုးမှုတွေ ဘောင်ဝင်အောင်ဆောင်ရွက်နေရဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်များမှာတော့ ရှမ်းပြည်နယ်ဘက်မှထောပတ်သီးတွေ တော်တော်များများအဝယ်လိုက်ခဲ့လို့ ထောပတ်သီးစိုက်တောင်သူတွေ တွက်ခြေကိုက်ခဲ့ပါတယ်။ တိုးချဲ့စိုက်ပျိုးလာတာကိုလည်း တွေ့မြင်ရပါတယ်။ ပြည်ပကုမ္ပဏီများက အစားအသောက်နှင့် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းများ ထုတ်လုပ်ဖို့ အများအပြားဝယ်ယူကြခြင်းဖြစ်ပါတယ်။ ထောပတ်စိုက်ပျိုးခြင်း၊ ရောင်းဝယ်ခြင်းကိစ္စများနဲ့ပတ်သက်လို့ ကျွန်တော်တို့ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ဘက်မှာတော့ တစ်မိုးအောက်ညီနောင်များကုမ္ပဏီအစုအဖွဲ့က တာဝန်ယူလုပ်ဆောင်ပေးနေပါတယ်။ ဒေသမျိုးရင်းသာမက စပ်မျိုးပင်တွေပါထုတ်လုပ်ဖြန့်ဖြူးပေးနေပါတယ်။ ဒေသမျိုးများဟာ အရေအတွက်၊ အရေအသွေးမျိုးစုံကျဆင်းနေပြီဖြစ်တဲ့အတွက် စပ်မျိုးများကိုမယှဉ်နိုင်တော့ပါဘူး။ တောင်သူများကလည်း တွက်ခြေကိုက်မယ့် စပ်မျိုးများကိုသာ ရွေးချယ်ဝယ်ယူစိုက်ပျိုးကြပါတယ်။ ဒီလိုအခြေခံလိုအပ်ချက်တွေကို ကျွန်တော်တို့ပြည်ထောင်စုအစိုးရက ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ငှက်ပျောစိုက်တောင်သူတွေဆိုရင်လည်း ယနေ့ခေတ်စားနေတဲ့ တစ်ရှူးငှက်ပျောတွေကို မယှဉ်နိုင်ပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံလိုအပ်ချက်မှာ စပ်မျိုးပင်နဲ့ မျိုးကောင်းမျိုးသန့်

ပင်များလိုအပ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်မှုနဲ့ သွင်းအားစုထည့်သွင်းမှု၊ ပိုးသတ်ဆေးအသုံးပြုမှုများပါ ပညာပေးဖြန့်ဝေပေးဖို့ အမှန်တကယ်လိုအပ်နေပါတယ်။ နိုင်ငံတကာက အသိအမှတ်ပြုနိုင်တဲ့ Organic သီးနှံများထွက်ပေါ်လာသည်အထိ ကျွန်တော်တို့ရှေ့ဆက်လုပ်ဆောင်သွားကြရဦးမှာဖြစ်ပါတယ်။ မိမိတို့ပြည်တွင်းစားသုံးဖို့အတွက်သာမက ပြည်ပပို့ကုန်အဖြစ် ဖန်တီးပေးနိုင်မှသာ ပြည်ပက တင်သွင်းလာတဲ့ ဈေးကွက်ကိုပိတ်ပင်တားဆီးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ရင်ဘောင်တန်းနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုများစွာလည်း ဆောင်ရွက်ကြရဦးမှာဖြစ်ပါတယ်။ ဒါကြောင့် မူလရှိရင်းစွဲ ဒေသအသီးသီးက နာမည်ရပြီးတဲ့၊ ဈေးကွက်ဝင်နေပြီဖြစ်တဲ့ သစ်သီးဝလံအမျိုးအစားတွေကို ပိုမိုတိုးတက်ကောင်းမွန်လာအောင်၊ တန်ဖိုးမြင့်မားလာအောင် ဆောင်ရွက်ပေးဖို့ အမှန်တကယ်လိုအပ်နေပါတယ်။ ဥယျာဉ်စိုက်တောင်သူများအတွက် အမှန်တကယ်လိုအပ်နေတဲ့ ပင်မအရင်းအမြစ်တွေ ဖြည့်ဆည်းပေးနိုင်ခဲ့ရင် လာမယ့်ဆယ်စုနှစ်တစ်ခုအတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုတွေကို လက်ငင်းမြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့ မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက်စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်တွင် ဝိုင်းဝန်းဆွေးနွေးအကြံပြု၍ ဥယျာဉ်ခြံမြေစိုက်တောင်သူများအတွက် အတည်ပြုပေးသင့်သောအဆိုတစ်ခုဖြစ်ပါကြောင်း ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသော မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက်စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့်စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ၃၀-၅-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို လွှတ်တော်မှ ဆွေးနွေး အတည်ပြုနိုင်ရန်အတွက် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ကျွန်တော် ဦးကျော်စိုးလင်းမှ ဥပဒေကြမ်း၏ကိုယ်စား လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအား သီးခြား လွတ်လပ်သော၊ အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက် ပိုမိုပီပြင်ထိရောက်စွာလုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သက်ဆိုင်ရာအဆင့်ဆင့်သော ဥက္ကဋ္ဌအပါ အဝင် အဖွဲ့ဝင်နေရာများတွင် အစိုးရနှင့်မပတ်သက်သည့်သူ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါ ဝင်စားသူ၊ ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်း အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မယ့် သီးခြားလွတ်လပ်သော အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမို ဆောင်ရွက်နိုင်ရန် ၉-၁၁-၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် (၂၁/၉၀)ဖြင့် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေအား ရုပ်သိမ်း၍ ဥပဒေအသစ် ပြန်လည်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို လွှတ်တော်သို့လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီလေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၂၃၀

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၆-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၃၉)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအား သီးခြားလွတ်လပ်သော၊ အစိုးရမဟုတ်သော၊ နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ပိုမိုပီပြင်ထိရောက်စွာ လုပ်ကိုင်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သက်ဆိုင်ရာအဆင့်ဆင့်သော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နေရာများတွင် အစိုးရနှင့်မပတ်သက်သည့်သူ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ပရဟိတလုပ်ငန်းများလုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်းများ၊ အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့်ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး သီးခြားလွတ်လပ်သော အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမို ဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၃-၅-၂၀၁၈ ရက် တနင်္ဂနွေနေ့တွင် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယခု ဥပဒေနှင့်ပတ်သက်၍ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အသေးစိတ်ဖတ်ကြားခြင်း မပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၂၃၀

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၆-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၃၉)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအား သီးခြားလွတ်လပ်သော၊ အစိုးရမဟုတ်သော၊ နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ပိုမိုပီပြင်ထိရောက်စွာ လုပ်ကိုင်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သက်ဆိုင်ရာအဆင့်ဆင့်သော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နေရာများတွင် အစိုးရနှင့်မပတ်သက်သည့်သူ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ပရဟိတလုပ်ငန်းများလုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်းများ၊ အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး သီးခြားလွတ်လပ်သော အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမို ဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၃-၅-၂၀၁၈ ရက် တနင်္ဂနွေနေ့တွင် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၄၁ ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး**

**အသင်းဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

( ဂ) အခန်း (၁) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥပဒေဟု ခေါ်တွင်စေရမည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(က)ရှိ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟု ပြင်ဆင်ပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ရှိရွေးချယ်တင်မြှောက်ခြင်းခံရသူကိုဆိုသည့် စကားရပ်ကို သတ်မှတ်တင်မြှောက်ခြင်းခံရသူကို ဟု ပြင်ဆင်ပါသည်။

( စ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ရှိ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ရေး ဆိုသည့် စကားရပ်ကို မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ရှိ မိသားစုများအားဆိုသည့် စကားရပ်ကို မိခင်နှင့် ကလေးများ၊ မိသားစုများအားဟု ပြင်ဆင်ပါသည်။

( ဇ) အခန်း(၃) အပိုဒ် ၇ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဗဟိုကောင်စီကို ဖွဲ့စည်းရမည်-

(ဈ) အပိုဒ် ၈ ရှိ ဗဟိုကောင်စီတွင်ဆိုသည့် စကားရပ်ကို ဗဟိုကောင်စီ၏ဟု လည်းကောင်း၊ ရွေးချယ်တင်မြှောက်ရမည်ဆိုသည့် စကားရပ်ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ည) အပိုဒ် ၉ ရှိ ရွေးချယ် တင်မြှောက်သောဆိုသည့် စကားရပ်ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သောဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၁၀ ရှိ ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်ဆိုသည့်စကားရပ်ကို တင်မြှောက်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၁၁ ကို အပိုဒ် ၁၂ အဖြစ်လည်းကောင်း၊ အပိုဒ် ၁၂ ကို အပိုဒ် ၁၁ အဖြစ်လည်းကောင်း အသီးသီးပြင်ဆင်၍ အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

(ဍ) အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဟုလည်းကောင်း၊ မြို့နယ်အသင်း အလုပ်အမှုဆောင်ကြီးကြပ်မှု ကော်မတီကဆိုသည့် စကားရပ်ကို မြို့နယ်အသင်းအလုပ် အမှုဆောင်ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီက ဟုလည်းကောင်း ပြင်ဆင်၍၊ ယင်းဥပဒေရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဟုလည်းကောင်း အသီးသီးပြင်ဆင်ပြီး အပိုဒ်ခွဲငယ်(၂) ရှိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဗဟိုကောင်စီဝင်ဖြစ်သည်ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဎ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က)(၁) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းအဖြစ် မြို့နယ်အသင်းအလုပ်အမှုဆောင် ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာမြို့နယ်အသင်း၏ အသင်းသားများက မဲစနစ်ဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ်များ၊

(ဏ) အပိုဒ် ၁၄ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူး အစည်းအဝေးတွင် မြို့နယ်အသင်း အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီကို အသင်းသားများက သက်ဆိုင်ရာမြို့နယ် အတွင်း ရှိ အများပြည်သူ ကြည်ညိုလေးစားခြင်းခံရသည့် အောက်ပါပုဂ္ဂိုလ်(၅)ဦး ပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

(တ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) (ဂ) နှင့်(ဃ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မြို့နယ်အသင်း အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီသည် မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူး အစည်းအဝေးတွင် မြို့နယ်အသင်း၏ အသင်းသားများထဲမှ -

(၁) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်း တစ်ဦးကိုလည်းကောင်း

(၂) ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် ခရိုင် ဖွဲ့စည်းပုံအရ လိုအပ် ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ်လောင်းများကိုလည်း ကောင်း

(၃) မြို့နယ်အသင်း အလုပ်အမှုဆောင် အဖွဲ့အတွက် အဖွဲ့ဝင် ၇ ဦးကို လည်းကောင်း

မဲစနစ်ဖြင့် ရွေးချယ်ရမည်။

(ဂ) မြို့နယ်အသင်းအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မိမိတို့ထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တင်မြှောက် ရမည်။

(ဃ) မြို့နယ်အသင်း၏ အသင်းသားများသည် မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ပါက မိမိတို့ထဲမှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(ထ) အပိုဒ် ၁၅ အပိုဒ်ခွဲ(က) ရှိ မိမိတို့အနက်မှ အသင်းခွဲ အမှုဆောင်အဖြစ်ဆိုသည့် စကားရပ်ကို မိမိတို့ထဲမှ အသင်းခွဲ အလုပ်အမှုဆောင်အဖြစ်ဟု ပြင်ဆင်၍ ယင်းဥပဒေရှိ အမှုဆောင် ဆိုသည့်စကားရပ်ကို အလုပ်အမှုဆောင်ဟုလည်းကောင်း၊ မိမိတို့အနက်မှဆိုသည့် စကားရပ်ကို မိမိတို့ထဲမှ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( ဒ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ) ရှိ စုစုပေါင်း ခုနစ်ဦး ပါဝင်စေရမည်ဆိုသည့်စကားရပ်ကို စုစုပေါင်းခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပါသည်။

( ဓ) အပိုဒ် ၁၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။(က) ဗဟိုကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲ အသီးသီး၏ အလုပ်အမှုဆောင် အဖွဲ့သက်တမ်းသည် ဗဟိုကောင်စီ ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

( န) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၈ ကို ပယ်ဖျက်ပါသည်။

( ပ) အခန်း(၄) အပိုဒ် အပိုဒ် ၂၀ ခေါင်းကို အပိုဒ် ၁၉ ခေါင်းအဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၁၉။ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ် လျှောက်ထား လိုသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားနိုင် သည်-

( ဖ) အပိုဒ် ၁၉ အပိုဒ်ခွဲ(က) အဖြစ် မြန်မာနိုင်ငံသားဖြစ်ခြင်း၊ ဟု အသစ်ဖြည့်စွက်ပါ သည်။

( ဗ) အပိုဒ် ၂၁ ကို အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြောင်းလဲ ပြင်ဆင် ပါသည်-

(ခ) အသင်းသားအဖြစ်လက်ခံခြင်း၊ ဝင်ကြေး၊ နှစ်စဉ်ကြေးတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ခြင်း၊

(ဘ) အပိုဒ် ၂၂ အပိုဒ်ခွဲ(က)နှင့်(ခ) တို့ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(က)နှင့်(ခ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ကွယ်လွန်ခြင်း၊

(ခ) ဗဟိုကောင်စီက သတ်မှတ်ထားသည့် အသင်းသားတို့ လိုက်နာရမည့် စည်းကမ်းနှင့် ကျင့်ဝတ်များကို ဖောက်ဖျက်ခြင်း၊

( မ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဗဟိုကောင်စီ၊ နေပြည်တော် ဆိုသည့်စကားရပ်ကို ဗဟိုကောင်စီ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဟုပြင်ဆင်ပြီး ယင်းဥပဒေရှိ

ဗဟိုကောင်စီ၊ နေပြည်တော် ဆိုသည့်စကားရပ်ကို ဗဟိုကောင်စီ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဟု အသီးသီးပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(ဃ)နှင့်(င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ဗဟိုကောင်စီ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲ၏ လုပ်ငန်းများကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊

**(င)** ဗဟိုကောင်စီ သို့မဟုတ် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း။

( ရ) အပိုဒ် ၂၃ ကို အပိုဒ် ၂၁ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အသင်းသားဖြစ်ခြင်းနှင့် ဆိုသည့်စကားရပ်ကို မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲများ၏ အသင်းသားဖြစ်ခြင်းနှင့် ဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၂၄ ကို အပိုဒ် ၂၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိပုဒ်မ ၂၃ အရဆိုသည့် စကားရပ်ကို ပုဒ်မ ၂၁ အရဟု ပြင်ဆင်ပါသည်။

( ဝ) အပိုဒ် ၂၅ ကို အပိုဒ် ၂၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၄ အရဆိုသည့် စကားရပ်ကို ပုဒ်မ ၂၂ အရဟု ပြင်ဆင်ပါသည်။

(သ) အခန်း(၅) အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ) နှင့်(ဃ) တို့ကို အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ) နှင့်(င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) မြို့နယ်အသင်းများနှင့် အသင်းခွဲများက ဆောင်ရွက်ရမည့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(င) ဗဟိုကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများခန့်ထားခြင်းနှင့် လစာနှုန်းထားများ သတ်မှတ်ခြင်း၊

(ဟ) ၂၆ အပိုဒ်ခွဲ(စ) ကို အပိုဒ် ၂၄ အပိုဒ်ခွဲ(ဆ) နှင့်(ဇ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) အကျိုးတူ၊ ရည်ရွယ်ချက်တူလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများထံမှ ရရှိသည့် ရန်ပုံငွေများနှင့် ပစ္စည်းများကို စနစ်တကျစာရင်းထားရှိခြင်းနှင့် စီမံခန့်ခွဲခြင်း၊

( ဠ) အပိုဒ် ၂၇ ကို အပိုဒ် ၂၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၄ အရဆိုသည့်စကားရပ်ကို ပုဒ်မ ၂၂ အရဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၂၈ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ ပါဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၆) အပိုဒ် ၃၀ ကို အပိုဒ် ၂၈ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မိမိပိုင်နိုင်ငံခြားငွေကို ဆိုသည့်စကားရပ်ကို မိမိအဖွဲ့ပိုင် နိုင်ငံခြားငွေကိုဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၇) အပိုဒ် ၃၃ ကို အပိုဒ် ၃၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော ဗဟိုကောင်စီ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့မှအပ ယင်းအသင်းများ၏ အမည်ကိုလည်းကောင်း၊ အလားတူအမည်ကိုလည်းကောင်း သုံးစွဲ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ။

( - ) အခန်း (၇) အပိုဒ် ၃၄ ကို အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၃၂။ ဗဟိုကောင်စီ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်တို့ဖြင့်ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၆ နှင့် ၃၇ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် ဆိုသည့်စကားရပ်ကို ဗဟိုကောင်စီသည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃၁-၅-၂၀၁၈ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ (၁၆-၅-၂၀၁၈ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိတိကျကျရေးသားဖော်ပြ၍ ၁၈-၅-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကိုရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံး ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၂၉.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Maj Genl Myint Nwe | Dr Saw Naing




Maj Genl Myint Nwe | U Nyan Hein




Dr Myint Htwe | Dr Salai Ye Ran Vel




Dr Myint Htwe | Daw Khin Hnin Thit




Dr Myint Htwe | Dr Sein Mya Aye




Dr Myint Htwe | U Aung Kyaw Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်